မြဝတီ နေ့စဉ်

သတင်းထူး၊ သတင်းဦး နေ့စဉ်ဖြန့်ချီ မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၆၀)

■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့



ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများထွန်းညှိ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြို့ရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းရုံး၊ အပြည်ပြည်ဆိုင်ရာဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသောသင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို

စာမျက်နှာ ၅ ကော်လံ ၁ ●

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခရိုင်၊ မြို့တို့တွင် ကာလရှည်နေရပ်များဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ခြင်းလုပ်ငန်းများ စနစ်နှင့်အညီ

စာမျက်နှာ ၇ ကော်လံ ၁ ➨

မရမ်းကုန်းမြို့နယ် ချမ်းမြေရိပ်သာ ကျောင်းတိုက် ချမ်းမြေဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ်ိုဈာပန သာဓုကီဠနပူဇော်ပွဲ ကျင်းပမည် စာ – ၁၀ သို့

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက Distinguished Friend of Singapore Red Cross Award ချီးမြှင့် စာ – ၅ သို့



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိစဉ်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Tang Shan၊ ဖရိုးဂိတ်စစ်ရေယာဉ် Da Qing နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Tai Hu တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ➤


အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းပြန်လည်ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၄

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ကာလအတန်ကြာ ယာယီပိတ်ထားခဲ့သည့် ဖလမ်းမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ➲





အားကောင်းသောမုန်တိုင်းငယ် တဖြည်းဖြည်းအားလျော့သွားမည်ဟုခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်တောင်ပိုင်းကမ်းခြေတို့ကို ဗီဆာကာပတ္တနမ်မြို့ (Visakhapatnam)နှင့် ဂိုလ်ပါပူမြို့ (Gopalpur) တို့အကြား ကာလင်ဂါပတ္တနမ်မြို့ (Kalingapatnam) ၏ အနောက်တောင်ဘက်အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ် (Deep Depression) သည်အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

(မိုး/၈လ)

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှညှိနှိုင်းရေး ကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA) တို့ တွေ့ဆုံဆွေးနွေး

စာ –၁၅ သို့

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်

အမျိုးသားအကျိုးစီးပွားအတွက် နျူကလီးယား

ယနေ့ကမ္ဘာကြီးတွင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်လုံလောက်မှု၊ စွမ်းအင်တည်ငြိမ်မှုနှင့် ရေရှည်တည်တံ့သည့်စွမ်းအင်ရရှိရေးဟူသည့် စွမ်းအင်လုံခြုံရေးသည် အရေးကြီးသည့်အခြေခံလိုအပ်ချက်များဖြစ်လာသည်။ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ခေတ်မီနည်းပညာများအသုံးချနိုင်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးတို့အတွက်လည်း ရေရှည်တွင် ယုံကြည်စိတ်ချရသည့် စွမ်းအင်ရင်းမြစ်များ လိုအပ်လျက်ရှိသည်။ ထိုကဲ့သို့သောအခြေအနေတွင် နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားနည်းပညာများကို ငြိမ်းချမ်းစွာ အသုံးချနိုင်ရေးသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် အထူးကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် စွမ်းအင်လုံခြုံရေး၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက် တိုးတက်လာမှုနှင့်အတူ ကာဗွန်ထုတ်လွှတ်မှုလျော့ချနိုင်ရေးတို့အတွက် နျူကလီးယားစွမ်းအင်၏ အခန်းကဏ္ဍကို နိုင်ငံအများအပြားက ပြန်လည်အာရုံစိုက်လာကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ရေရှည်စွမ်းအင်လိုအပ်ချက်အတွက် နျူကလီးယားစွမ်းအင်၏ အခန်းကဏ္ဍကို စနစ်တကျ လေ့လာသုံးသပ်ရန်လိုအပ်နေပြီဖြစ်သည်။

အမျိုးသားအဆင့်နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၂၃ရက်က ကျင်းပသည့် အမျိုးသားအဆင့်နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီအစည်းအဝေးတွင် အမှာစကားပြောကြားရာတွင် **"မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက မိမိတို့အနေဖြင့် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချရေးအတွက် IAEA ၏မူဘောင်အတွင်းမှဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နိုင်ငံပိုင်ကော်ပိုရေးရှင်းဖြစ်သည့် ROSATOM နှင့် မြန်မာနိုင်ငံတွင် နျူကလီးယားနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နျူကလီးယားနည်းပညာအပေါ် ပြည်သူလူထု၏အပြုသဘောဆောင်သည့်သဘောထားအမြင်များ တိုးမြှင့်ရရှိရေးတို့အတွက် နှစ်နိုင်ငံသဘောတူညီချက်များတွင် မြန်မာနိုင်ငံအနေဖြင့် အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းသည့်နယ်ပယ်၌ အသုံးပြုရန်နှင့် SMR နည်းပညာအသုံးပြုလျှပ်စစ်ဓာတ်အားထုတ်ယူရေး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ပါဝင်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားအဆင့်နျူကလီးယားစွမ်းအင်အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီအစည်းအဝေးသည် မြန်မာနိုင်ငံ၏နျူကလီးယားစွမ်းအင်အစီအစဉ်နှင့် စီမံကိန်းများအကောင်အထည်ဖော်ရာတွင် မျှော်မှန်းချက်၊ လုပ်ထုံးလုပ်နည်းများနှင့်လိုအပ်သည့်ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များထုတ်ပြန်ရန်၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းသည့်ရည်ရွယ်ချက်ဖြင့်အသုံးပြုနိုင်ရေး နိုင်ငံတကာနှင့်ဒေသတွင်း မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ထူထောင်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပရခြင်းဖြစ်သည်။ အထူးသဖြင့် နျူကလီးယားစွမ်းအင်ကဏ္ဍသည် အမျိုးသားအကျိုးစီးပွားနှင့်ဆိုင်သည့် ကိစ္စဖြစ်သောကြောင့် ဝန်ကြီးဌာန တစ်ခုတည်း၏တာဝန်မဟုတ်ဘဲ နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ရမည့် ရေရှည်စီမံကိန်းကြီးတစ်ရပ်ဖြစ်သည့်အတွက် ဦးဆောင်ကော်မတီ၏ အခန်းကဏ္ဍသည် အလွန်ပင် အရေးကြီးလှပေသည်။

နျူကလီးယားနည်းပညာသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတစ်ခုတည်းအတွက်သာမဟုတ်ဘဲ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ အစားအစာနှင့်အစားအစာဘေးကင်းလုံခြုံရေး၊ စက်မှုလုပ်ငန်း၊ သုတေသနနှင့် သိပ္ပံနည်းပညာကဏ္ဍများတွင်လည်း ငြိမ်းချမ်းစွာ အသုံးချနိုင်သည့် နည်းပညာဖြစ်ပေရာ နိုင်ငံအတွက် အကျိုးရှိစေရေး၊ ပြည်သူများအတွက် အကျိုးရှိစေရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရစွာ အသုံးချနိုင်ရေးကို အခြေခံပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါကစစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

MWD Variety Channel ၂၅-၉-၂၀၂၆(သောကြာနေ့)

၁။ ၁၀:၃၀ ကျန်းမာသောဘဝ
၂။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၃။ ၁၂:၀၀ လူငယ်ရွေ့ရေး အတွေးကမ္ဘာ
၄။ ၂၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း(အဆိပ်သင့်ပန်း)

သဇင်(FM)အသံလွှင့်အစီအစဉ် ၂၅-၉-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၂:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍာ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် – ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) – ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ဝဂ၁-၇၃၉၉၈၊ ဖက်စ် ဝဂ၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ဝဂ၁-၇၄၀၂၁၊ ဖြန့်ချိရေး ဝ၁၈-၄၀၀၆၉၇၊ ဝဂ၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

မြန်မာ-တရုတ်ပူးပေါင်း၍ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်မည်

ရန်ကုန် စက်တင်ဘာ ၂၄



မြန်မာ-တရုတ် နှစ်နိုင်ငံကြား ရှည်လျားသည့် သမိုင်းကြောင်းနှင့် နယ်နိမိတ်ချင်းထိစပ်မှုတို့ကို အခြေခံ၍ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်၊ ခရီးသွားလာမှု၊ ခရီးစဉ်ရေးဆွဲမှု၊ လုပ်ငန်းဆက်သွယ်မှုနှင့် ခရီးသွားအရင်းအမြစ်များ မျှဝေမှုတို့မှတစ်ဆင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၏ပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား ယဉ်ကျေးမှုဖလှယ်ရေးနှင့် ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေး အတွက် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံကြား ခရီးသွားလုပ်ငန်းဆိုင်ရာအရင်းအမြစ်များ၊ စွေးကွက်လမ်းကြောင်းများနှင့် လုပ်ငန်းအခြေအနေများ အပြန်အလှန် မိတ်ဆက်ဆွေးနွေးခြင်းကို ယူနန်ပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကိုယ်စားလှယ်အဖွဲ့၊ ရန်ကုန်-တရုတ် ယဉ်ကျေးမှု စင်တာနှင့် China-Myanmar Economic Cooperation and Development Promotion Association တို့မှ ကြီးမှူးကျင်းပခဲ့ပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ(တရုတ်) ယူနန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ကွမ်ရီးကုန်သည်ကြီးများ အသင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပါဝင်ဆွေးနွေးခဲ့ကြပြီးဖြစ်သည်။

ထို့ပြင် လက်ဖက်ကိုအခြေခံ၍ နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ပူးပေါင်းဆောင်ရွက်မှုများဖြင့်တင်ရေး၊ ရိုးရာယဉ်ကျေးမှုနှင့် လုပ်ငန်းဆိုင်ရာဆွေးနွေးမှုများ၊ ခရီးသွားအရင်းအမြစ်များ မိတ်ဆက်ခြင်းနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် ခရီးသွားရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ခရီးသွားဇည့်သည်များ စိတ်အေးချမ်းသာစွာ လည်ပတ်နိုင်ရေး၊ ဝင်ထွက်သွားလာရာတွင် လွယ်ကူအဆင်ပြေစေရေးနှင့် ကောင်းမွန်သောဝန်ဆောင်မှုများ ရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လင်းခန့်

ပွင့်ဖြူမြို့နယ်၌ မြေပဲဇော ၂၀၀၀ ကျော် နုတ်သိမ်းပြီးစီး

ပွင့်ဖြူ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲဇော ၂၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ဖဝဖ၅ ဇောအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ၂၀၁၂ ဇော နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဇောလျှင် ၅၄ ဒသမ ၄၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပဲစိုက်တောင်သူများကို စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်များကင်းရှင်းစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ခင်းများအရောက်ကွင်းဆင်းစစ်ဆေးခြင်း၊ ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ကြက်ခြေနီအခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲ တာမွေမြို့နယ်၌ကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်းခရိုင် တာမွေမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ခြေနီအခြေခံရှေးဦးပြုစုခြင်းသင်တန်းအမှတ်စဉ် (၁ /၂/၂၀၂၆) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၃ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဇွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မြင့်အောင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကြက်ခြေနီအခြေခံရှေးဦးပြုစုခြင်းသင်တန်းအမှတ်စဉ်(၁/၂/၂၀၂၆) သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ပြီး သင်တန်းဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး ဦးကျော်မြင့်အောင်၊ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တာမွေမြို့နယ်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြခြင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် မီးသတ်ဦးစီးဌာနမှ အမှတ် (၁၀)ရပ်ကွက် ၅၁ လမ်းရှိ Hotel 51 ၌ ဟိုတယ်ဝန်ထမ်းများကို မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းကို စက်တင်ဘာလ ၂၃ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းဌေးက ဟိုတယ်ဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးထိခိုက်မှုများမရှိစေရေး သတိပြုဆောင်ရွက်ကြရန်၊ မီးချိတ်၊ မီးကပ်များနှင့် သဲအိတ်များထားရှိကြရန်၊ ဝိုင်ယာကြိုးများပေါက်ပြဲဆွေးမြည့်နေပါက အသစ်များလဲလှယ်ရန်၊ မိန်းတင်မိန်းချခလုတ်များ သေချာစွာစစ်ဆေးခြင်းများ ပြုလုပ်ကြရန်နှင့် မီးဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများအား အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဝန်ထမ်းများအား လက်တွေ့



သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးလက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သန်းဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဟိုတယ်ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

စုယဉ်ချစ်(ပြန်/ဆက်)



ရ တ နာ ပုံ ဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

“မတော်လို့ပါ မမလေး၊ အင်မတန် မတော်လွန်းလို့ ကျွန်မပြောတာပါ” ဟုပြောလျှင် ခင်စိန်ကြည်လည်း မျက်ရည်ကျလျက် “ကိုထွန်းမြတ်ကို မမြင်ရရင်ဖြင့် မမလေး အသက်ဖြောင့်ဖြောင့်ထွက်နိုင်မယ် မထင်ဘူး မစောရယ်၊ ကလေးတွေကိုလည်း ရိပ်မိမှာ စိုးလို့ မလာစေရဘူးတဲ့ မစောကပြောလို့ မမြင်ဘဲ နေရပြီ...၊ အခုတစ်ခါ ကိုထွန်းမြတ်ကို မကြည့်ရပြန်ဘူးတဲ့၊ လုပ်ပြန်ပြီ၊ ရှိခိုးပါရဲ့ မစောရယ်၊ တစ်ခါပဲဖြစ်ဖြစ်ကြည့်ပါရစေ” ဟု သနားစရာတောင်းပန်ကာ ပြောရှာလေလျှင် မစောလည်း မိမိသခင်မအပေါ်၌ ကရုဏာအားကြီးလှ၍ ဖြစ်လိုရာဖြစ်စေ ခေါ်၍ပေးလိုက်တော့မည်ဟု အောက်မေ့လေ၏။ သို့သော်လည်း ကိုထွန်းမြတ်သိသောအခါ၌ တစ်အိမ်လုံး ကျွက်ကျွက်ဆူ၍သွားမည်ကို ကြောက်ပြန်သောကြောင့် စဉ်းစားရခက်လှသည်နှင့် တွေဝေလျက်

“ဆရာဝန်ကြီး မလာဘူးလား”

“မနက်ကလာတယ်”

“မနက်ကလာတာနဲ့ ပြီးနိုင်မလား မစောရဲ့၊ သွားမောင်မျှားကို အခုချက်ချင်းလွှတ်လိုက်”

“မထူးပါဘူး ကိုကိုရယ်”

“ဘယ့်နယ် မထူးရသလဲကွယ့်၊ လူတစ်ယောက်ငါ့အိမ်မှာ သေမယ့်ဆဲဆဲဖြစ်နေတာ ဆရာဝန်ခေါ်လို့ မထူးပါဘူးလို့ ဘယ့်နယ်ပြောရသလဲဟယ်၊ ငါသွားကြည့်စမ်းမယ်” ဟုပြော၍ သွားမည်ပြုလျှင် မစောသည် အခန်းဝမှဆီး၍ “မတော်ပါဘူးကိုကို ဆရာမအခန်းထဲကို မသွားပါနဲ့”

“ဘာဖြစ်လို့လဲဟဲ့”

“အစ်မကြီးလည်း အခန်းတွင်းသို့ရောက်၍ အခန်းတံခါးကိုပိတ်ပြီးလျှင် အိပ်ရာအနီးသို့သွားလေ၏။ ခင်စိန်ကြည်မှာ ထိုအခါ မျက်နှာ၌ မျက်မှန်တပ်လျက်မရှိဘဲ ဆံပင်တို့သည်လည်း ဖားလျားကျကာ ခုတင်ပေါ်တွင် လဲလျောင်းလျက်နေလေ၏။ ခင်စိန်ကြည်မှာ ရှေးကရုပ်နှင့် မတူလှသော်လည်း မျက်လုံးမှာ ရှေးကမျက်လုံးပင်ဖြစ်သဖြင့် မကျမ်းပုံသည် မြင်လျှင်မြင်ချင်း ခင်စိန်ကြည်ဖြစ်ကြောင်းသိရကား . . .”

ထိုအခါ မကျမ်းပုံက “အလို ဟုတ်လား ဖယ်စမ်း၊ ငါသွားကြည့်လိုက်ဦးမယ်” ဟုပြောကာ ခင်စိန်ကြည် ရှိရာသို့ ထွက်သွားလေ၏။ လူနာအခန်းပေါက်သို့ ရောက်၍ အခန်းတံခါးကို လက်ဖြင့်ခေါက်ရာ မစောသည် ထွက်လာပြီး မကျမ်းပုံကိုမြင်လျှင် မျက်နှာပျက်လျက်-

“အခန်းထဲ မဝင်ပါနဲ့ အစ်မကြီးရှင့်” ဟုပြောလေ၏။ ထိုအခါ မကျမ်းပုံက-

“ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့ ငါမဝင်ရမလဲ၊ ခုတစ်လော ဒီကောင်မလေး ဘာဖြစ်ပါလိမ့်မယ် ဖယ်ပါ” ဟု ငေါက်၍ပြောသောအခါ မစောမှာ အစ်မကြီးမကျမ်းပုံကို တားဆီးရန်မတတ်နိုင်သဖြင့် အပေါက်မှဖယ်၍ ပေးပြီးလျှင် အခန်းပြင်သို့ ထွက်၍သွားလေ၏။

အစ်မကြီးလည်း အခန်းတွင်းသို့ရောက်၍ အခန်းတံခါးကိုပိတ်ပြီးလျှင် အိပ်ရာအနီးသို့ သွားလေ၏။ ခင်စိန်ကြည်မှာ ထိုအခါ မျက်နှာ၌ မျက်မှန်တပ်လျက်မရှိဘဲ ဆံပင်တို့သည်လည်း ဖားလျားကျကာ ခုတင်ပေါ်တွင် လဲလျောင်းလျက်နေလေ၏။ ခင်စိန်ကြည်မှာ ရှေးကရုပ်နှင့် မတူလှသော်လည်း မျက်လုံးမှာ ရှေးကမျက်လုံးပင်ဖြစ်သဖြင့် မကျမ်းပုံသည် မြင်လျှင်မြင်ချင်း ခင်စိန်ကြည်ဖြစ်ကြောင်းသိရကား “မြတ်စွာဘုရားကယ်တော်မူပါ” ဟု ခဲ့အားသင့်သောအသံနှင့်အော်ကာ နှစ်ယောက်သား တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်လျက်နေကြလေ၏။ မကျမ်းပုံသည် မောင်သက်ညွှန့်နှင့် ရေမြောင်းအနီးတွင် တွေ့စဉ်အခါက ဆရာမသည် ခင်စိန်ကြည်နှင့် တူလှချေသည်ဟု အောက်မေ့မိသော်လည်း တူလျှင်သာတူမည်၊ ခင်စိန်ကြည်စစ်စစ်ဖြစ်မည်ဟုကား မည်သည့်နည်းနှင့်မျှ မအောက်မေ့မိဘဲရှိရာ ယခုမှ ခင်စိန်ကြည်စစ်စစ်ဖြစ်ကြောင်းကိုသိရလျှင် အလွန်တရာအံ့သြလှ၍ ငေးလျက်နေရာမှ “ဘယ့်နယ်ဖြစ်လာသလဲ၊ ဒီကိုဘာကြောင့်ပြန်လာသလဲ မိန်းကလေးရယ်” ဟု ဘယ်တော့မှ အသုံးမပြုဖူးသောကရုဏာသံဖြင့် မေးလေ၏။

ထိုအခါ ခင်စိန်ကြည်သည် ရောဂါနှိပ်စက်သဖြင့် အကြောပြိုင်းပြိုင်းထ၍ ပိန်လှီသောလက်ကလေးဖြင့် ရင်ကိုဖိလျက် “ကျွန်မဖြစ်ရပုံတော့ အရှည်မေးမနေပါနဲ့တော့၊ ကျွန်မကလေးတွေကြောင့်သာ ပြန်လာမိတယ် အစ်မကြီးရယ်၊ သူတို့နဲ့ခွဲပြီး တခြားမှာမနေနိုင်လို့ပါ၊ ကျွန်မကို အပြစ်မတင်ပါနဲ့တော့ အစ်မကြီးရယ်၊ ကျွန်မလည်း မနေရပါဘူးရှင်၊ သွားရလုပါပြီ”

“အပြစ်မတင်ပါဘူး မိန်းကလေးရယ်၊ အစ်မကြီးက အပြစ်မတင်ပါဘူး”

“အစ်မကြီးတို့လို မိန်းမကောင်းများတော့ နေပျော်ပါရဲ့ရှင်၊ ကျွန်မကတော့ လူပြည်မှာနေဖို့လည်း မကောင်းပါဘူး၊ သေရတာပဲကောင်းပါတယ်”ဟု ခင်စိန်ကြည်သည် မျက်ရည်များကျလျက် ပြောလေ၏။

ထိုအခါ ခင်စိန်ကြည်မှာ အစ်မကြီးကို မိန်းမကောင်းဟုပြောရာ၌ လှောင်ပြောင်၍ ပြောသည်မဟုတ်၊ တကယ်ပင်စိတ်၌ရှိ၍ ပြောသည်ဖြစ်သော်လည်း အစ်မကြီးစိတ်၌ကား မိမိသည် ခင်စိန်ကြည်အပေါ် ပြုမူမိသည်များကို သတိရ၍ မိမိကိုယ်မိမိ ရှက်မိလေ၏။ ထို့နောက် မကျမ်းပုံသည် ခုတင်အနီးသို့ ချဉ်းကပ်၍ ဦးခေါင်းကိုညွှတ်ကိုင်းပြီးလျှင် “ညည်း အိမ်ကထွက်သွားတာ အစ်မကြီးအတွက်ကြောင့် များလား ပြောစမ်းပါ” ဟု ညှိုးငယ်သောမျက်နှာဖြင့် မေးလျှင်...

ခင်စိန်ကြည်သည် ဦးခေါင်းကိုယမ်းလျက် “အစ်မကြီးအတွက်ကြောင့် မဟုတ်ပါဘူး အစ်မကြီးရယ်၊ အစ်မကြီးနဲ့နေတဲ့အတွက် ကျွန်မစိတ်မချမ်းမသာဖြစ်မိတာတော့မှန်ပါရဲ့၊ သို့သော် ကျွန်မ အိမ်ကထွက်သွားတာတော့ အစ်မကြီးကြောင့်မဟုတ်ပါဘူး၊ ကျွန်မကို စိတ်မဆိုးပါနဲ့ အစ်မကြီးရယ်”

“မိန်းကလေးကို အစ်မကြီးကစိတ်ဆိုးရမယ်၊ အစ်မကြီးကသာ မိန်းကလေးကို တောင်းပန်ဖို့ရှိပါတယ် မိန်းကလေးရယ်၊ မိန်းကလေးကို စိတ်မချမ်းမသာဖြစ်စေရအောင် လုပ်မိတဲ့အတွက် အစ်မကြီး အပုံကြီး ဝမ်းနည်းပါတယ်၊ အစ်မကြီးကို စိတ်ကျေပါနော် မိန်းကလေးရယ်” ဟု မကျမ်းပုံက ပြန်၍တောင်းပန်လေ၏။

ဆက်လက်ဖော်ပြပါမည်။

ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာ ကြည်မင်းဝေ၏ “စစ်သူကြီး မဟာမင်းထင်နော်ရထာ” ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။

တန်ဖိုးမြင့်နို့ထွက်ပစ္စည်းနှင့် အသားထုတ်ကုန်များ ထုတ်လုပ်မှုသင်တန်းဖွင့်လှစ်ရန်စီစဉ်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှဦးစီးဌာနတို့ ပူးပေါင်း၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ မွေးမြူရေးထုတ်ကုန်များ သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ၌ တန်ဖိုးမြင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှုသင်တန်းနှင့် တန်ဖိုးမြင့်အသားထုတ်ကုန်များ ထုတ်လုပ်မှုသင်တန်းတို့ကို တစ်ပြိုင်တည်းဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

သင်တန်းများတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ မွေးမြူရေးထုတ်ကုန်များ သုတေသနနှင့်ဖွံ့ဖြိုးရေးစင်တာမှ ပညာရှင်များက စာတွေ့၊ လက်တွေ့ပို့ချပေးမည်ဖြစ်သည်။

သင်တန်းသားများ အနေဖြင့် ရန်ကုန်-ချင်းမိုင် လေကြောင်းခရီးစဉ်၊ သင်တန်းကြေး၊ သင်တန်းတွင် အသုံးပြုသည့် ကုန်ကြမ်းများ အတွက် ကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်သည်။

အဆိုပါသင်တန်းနှစ်ခုကို နိုဝင်ဘာလ ၁၅ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်တွင်အနည်းဆုံး သက်တမ်းခြောက်လကျန်ရှိသော နိုင်ငံကူးလက်မှတ်ရှိရန် လိုအပ်ကြောင်း သိရသည်။

ခင်မောင်တင်

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်

သာယာဝတီ စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို စက်တင်ဘာလ ၂၃ ရက်က သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်က လုပ်ငန်းထူထောင်မည့် သင်တန်းသူများအား အောင်မြင်သော လုပ်ငန်းရှင်များဖြစ်အောင်ကြိုးစား လုပ်ကိုင်ရန် အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ သာယာဝတီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက စက်ချုပ်လုပ်ငန်း ထူထောင်မည့်သူ ၁၀ ဦးကို တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ခြေနင်းအပ်ချုပ်စက်တစ်လုံး၊ ဓားစက်တစ်လုံး၊ မီးပူတစ်လုံး၊ ထုပ်သီးရိုက်စက်တစ်လုံး စသည်တို့ကို လုပ်ငန်းထူထောင်လုပ်ကိုင်ရန် ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်နှင့် အဖွဲ့ဝင်များ၊ သာယာဝတီမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ သင်တန်းနည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။



ရန်ကင်း

နီပေါနိုင်ငံအစိုးရမှ လှူဒါန်းငွေဖြင့် ပြန်လည်ပြုပြင်ခဲ့သည့် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ ကျောက်စာတိုက်အဆောက်အအုံဖွင့်ပွဲကျင်းပ

မန္တလေး စက်တင်ဘာ ၂၄

မန္တလေးငလျင်ကြီးကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်း ထိခိုက်ပျက်စီးခဲ့သည့်ကျောက်စာတိုက်ပြင်ဆင်ခြင်း လုပ်ငန်းအတွက် နီပေါနိုင်ငံအစိုးရမှ အမေရိကန်ဒေါ်လာ ၃ သိန်းကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်တွင်ပေးအပ်လှူဒါန်းခဲ့ပြီး အဆောက်အအုံဖြိုဖျက်မှုလုပ်ငန်းကို ၂၀၂၆ ခုနှစ် ဧန်နဝါရီလ ၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကာ ပြင်ဆင်ခြင်းလုပ်ငန်းကို မဟာမုနိဂေါပကအဖွဲ့နှင့်ပူးပေါင်း၍ မန္တလေးမြို့ရှိဂေါ်ရခါးလူမျိုးများကဆောင်ရွက်ခဲ့ရာ ယခုအခါပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ မြန်မာနိုင်ငံဆိုင်ရာနီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော်ဝန် ဦးခင်မောင်အေး၊ သာသနာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာဂေါ်ရခါးဘာသာရေးအသင်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျောက်စာတိုက်ပြင်ဆင်နိုင်ရေးအတွက် လှူဒါန်းပေးသည့် နီပေါနိုင်ငံအစိုးရနှင့်ကျောက်စာတိုက်ပြင်ဆင်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးမှသည် အနာဂတ်ကာလတွင် သာသနာရေးဆိုင်ရာ ပူးပေါင်းနေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း (SRPS) ကုမ္ပဏီသုံးခုကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင်ဒုတိယဝန်ကြီး ဦးထွန်းလူက အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ (IMO) အနေဖြင့် ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့အတွက် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့၏ ဆောင်ပုဒ်ကို "ရေကြောင်းကဏ္ဍ မြင့်တင်ဖို့ – မူဝါဒမှလက်တွေ့သို့" (From Policy to Practice: Powering Maritime Excellence) ဟု သတ်မှတ်ထားကြောင်း၊ ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ဆောင်ပုဒ်သည် ကုန်သွယ်မှုတိုးချဲ့ခြင်း၊ ဆက်သွယ်ချိတ်ဆက်မှုကောင်းမွန်ခြင်း၊ အလုပ်အကိုင်ကောင်းများဖန်တီးခြင်းနှင့် အဏ္ဏဝါပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ကိုအထောက်အကူပြုလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့အတူရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် "မူဝါဒမှလက်တွေ့သို့"ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေကြောင်းကဏ္ဍအား ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးဆိုင်ရာဆွေးနွေးပွဲ၊ ကမ်းရိုးတန်းသင်္ဘောများအတွက် Collective Bargaining Agreement ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်္ဘောသားအလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိရေးဆိုင်ရာဆွေးနွေးပွဲတို့ကိုကျင်းပခဲ့ကြောင်းသိရသည်။

မြဝတီ



ဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာနီပေါနိုင်ငံသံအမတ်ကြီးက ကျောက်စာတိုက်အသစ် ပြန်လည်ဆောက်လုပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ကျေးဇူးတင်ဝမ်းမြောက်စကားပြန်လည်ပြောကြားကာ မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းက နီပေါနိုင်ငံသံအမတ်ကြီးနှင့် ဧည့်သည်တော်များကို ကျောက်စာတိုက်ဖွင့်ပွဲအမှတ်တရလက်ဆောင်များပေးအပ်ကာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အနုပညာအထက်တန်းကျောင်း(မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများက ပုဂံအကဖြင့်လည်းကောင်း၊ မန္တလေးဒေသခံဂေါ်ရခါးယဉ်ကျေးမှုအဖွဲ့က နီပေါရိုးရာအကဖြင့်လည်းကောင်း ကပြဖျော်ဖြေကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများက ကျောက်စာတိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဘာသာ ၃ မျိုးဖြင့်ရေးထိုးထားသောမော်ကွန်းကမ္ဘည်းကျောက်စာကို အမွေးနုံသာရည်ဖြင့်ပက်ဖျန်း၍ ကျောက်စာတိုက်အား လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် မန္တလေးနန်းမြို့ရိုး မြောက်ဘက်ရှိ ရတနာပုံခေတ်၊ မင်းတုန်းမင်းကြီးလက်ထက်ကတည်ထားခဲ့သော သုမင်္ဂလာဇရပ်များအနက် ထိခိုက်ပျက်စီးသွားသည့် သုမင်္ဂလာဇရပ်များနေရာတွင် အစားထိုးဆောက်လုပ်ထည့်သုမင်္ဂလာဇရပ်များ ဆောက်လုပ်ပြီးစီးမှု၊ အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ၊ ကျောက်စာရုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

● ရှေ့ဖုံးမှအဆက်

ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများကို ယနေ့ည၌ပိုင်းတွင်ထွန်းညှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို နှစ်စဉ် စက်တင်ဘာလနောက်ဆုံးပတ်၏ကြာသပတေးနေ့တွင် ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား (World Maritime Day 2026) ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးထွန်းလူက ၂၀၂၅ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံးရရှိဖွေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက Distinguished Friend of Singapore Red Cross Award ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၂၄

စင်ကာပူနိုင်ငံ၌ စက်တင်ဘာလ ၂၂ ရက်က ကျင်းပခဲ့သည့် Singapore Red Cross Awards Ceremony အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကို စင်ကာပူနိုင်ငံကြက်ခြေနီအသင်းက "Distinguished Friend of Singapore Red Cross Award" ဂုဏ်ပြုဆုပေးအပ်ခဲ့ကြောင်းသိရသည်။



အဆိုပါဂုဏ်ပြုဆုကို စင်ကာပူနိုင်ငံသမ္မတနှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သူ His Excellency Mr. Tharman Shanmugaratnam က ပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွှန့်တက်ရောက်လက်ခံရယူခဲ့သည်။

ယခုဂုဏ်ပြုဆုသည်မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် စင်ကာပူနိုင်ငံကြက်ခြေနီအသင်းတို့အကြား ရေရှည်တည်ရှိခဲ့သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ပံ့ပိုးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်းသိရသည်။ **မြဝတီ**

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚C	/	၃၄˚C
ရန်ကုန်	၂၅˚C	/	၃၂˚C
မန္တလေး	၂၄˚C	/	၃၅˚C

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အိုးတန်ရေချိုကို ချွေတာကြပါစို့

၂၄-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၁၃၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၄-၉-၂၀၂၆

ကိုကိုးကျွန်း	၁၄ ဒသမ ၃၇ လက်မ	မော်ဘီ	၁ ဒသမ ၈၉ လက်မ
ကန့်ဘလူ	၂ ဒသမ ၉၉ လက်မ	နေပြည်တော် (ဥတ္တရသီရိမြို့နယ်)	၁ ဒသမ ၈၁ လက်မ
ဘိုကလေး	၂ ဒသမ ၇၀ လက်မ	သာပေါင်း	၁ ဒသမ ၈၀ လက်မ
မိတ္ထီလာ	၂ ဒသမ ၀၅ လက်မ	ကျုံပျော်	၁ ဒသမ ၆၉ လက်မ
နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်)	၂ ဒသမ ၀၀ လက်မ	ရန်ကုန် (ကမ္ဘာအေး)	၁ ဒသမ ၆၅ လက်မ



မြန်မာ့ပင်လယ်ပြင်

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

ပဲခူးမြို့နယ် အ.ထ.က (ခွဲ) ကမာနတ်၌ လူငယ်စကားဝိုင်းကျင်းပ



ပဲခူး စက်တင်ဘာ ၂၄

ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပဲခူးမြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့နယ် ကမာနတ်ကျေးရွာရှိ အ.ထ.က(ခွဲ) ကမာနတ်၌ လူငယ်စကားဝိုင်း ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးခရိုင် ပြန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်က ဦးဆောင်ဆွေးနွေးသူ (Moderator) အဖြစ်ဆောင်ရွက်ပြီး Grade-11 မှမောင်မြင့်မြတ်ကျော်ဇင်က လူငယ်နှင့်ရည်မှန်းချက်ပန်းတိုင်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 မှမောင်ကောင်းစံလင်းက လူငယ်နှင့်ခေတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မောင်ထက်ဦးယံက လူငယ်နှင့်ပတ်ဝန်းကျင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မဝတ်ရည်အောင်က လူငယ်နှင့်စည်းကမ်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 မှမခင်လေးရီက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ ၁၀၀ ဦးတို့တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း၊လူငယ်ဆိုင်ရာ အဆိုအမိန့်များနှင့်စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာစောင်များအား ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၀)

ပခုက္ကူမြို့နယ်၌ ငလျင်သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်

ပခုက္ကူ စက်တင်ဘာ ၂၄


မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့က ငလျင်သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ငလျင်လှုပ်ခတ်ကြောင်း အချက်ပေးနှိုးဆော်ခြင်း၊ ငလျင်လှုပ်ခတ်စဉ် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခိုလှုံနေထိုင်ခြင်း၊ ငလျင်လှုပ်ခတ်ပြီးနောက် အဆောက်အအုံများ၏အတွင်း၊ အပြင်နေရာများ၌ ထိခိုက်လူနာ ရှိ/မရှိနှင့် မီးလောင်မှု ရှိ/ မရှိ စစ်ဆေးခြင်း၊ မီးငြှိမ်းသတ်ခြင်း၊ ပြိုကျပျက်စီးသောအဆောက်အအုံများမှ လူနာထုတ်နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် ကျောင်းအား Insarag Guideline နည်းဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ ထိခိုက်လူနာများအား ရှေးဦးသူနာပြုစုနည်းများဖြင့် စစ်ဆေးကုသပေးခြင်း၊ ဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းစသည့် ငလျင်သဏ္ဌာန်တူ ဇာတ်တိုက် လေ့ကျင့်သရုပ်ပြဆောင်ရွက်ကြသည်။



အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ငလျင်ဘေးသဏ္ဌာန်တူဇာတ်တိုက် လေ့ကျင့်ခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြား ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



ပဉ်ဖြူမြို့နယ်၌ ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုခြင်္ဂဒေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ပဉ်ဖြူ စက်တင်ဘာ ၂၄

ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေကို လေ့လာဖတ်ရှုနိုင်စေရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုခြင်္ဂဒေးလှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့က ပဉ်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများက အလှဆုံးပန်းများပွင့်ကြပြီ၊ ထာဝရသစ္စာတေးသီချင်းများဖြင့် သီဆို ဖွင့်လှစ်ပြီး ပဉ်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းသူလင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များ ဖွဲ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုခြင်္ဂဒေးလှုပ်ရှားမှုတွင် ထည့်သွင်းကျင်းပသော အခြေခံပညာအလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် အခြေခံပညာ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာမြသန်းတင့် ရေးသားသော ဇာတ်ရှိုးစောစာအုပ်အား ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး လယ်ကိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပဉ်ဖြူမြေ)

ပြည်တွင်းဘုရားဖူးခရီးသွားလုပ်ငန်းများ လုပ်ငန်းလိုင်စင်ထားရှိရန်လိုအပ်

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်တွင်းရှိ ဘုရားဖူးခရီးသွားလုပ်ငန်းများအနေဖြင့် ယဉ်ကျေးမှု၊ ဟိတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့် လိုင်စင်လျှောက်ထားရန်လိုအပ်မည်ဖြစ်ပြီး ခရီးသည်များ အိမ်ပြန်ရောက်သည်အထိ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ သိရသည်။

"လုပ်ငန်းရှင်တွေ အနေနဲ့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်နဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကထုတ်ပေးတဲ့ လိုင်စင်ရယူထားဖို့လိုပါတယ်။ လုပ်ငန်းလိုင်စင်တွေကို တစ်လ၊ နှစ်လအတွင်း လျှောက်ထားကြရပါမယ်" ဟု ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ထိုသို့ လုပ်ငန်းလိုင်စင်လျှောက်ထားရယူပြီးပါက အဆိုပါလုပ်ငန်းလိုင်စင်နှင့် အသင်းဝင်ကတ်တို့ကို မိတ္တူဆွဲ၍ ထွက်ခွာမည့် ဘုရားဖူးယာဉ်ပေါ်သို့ တစ်ပါတည်းယူဆောင်သွားရမည်ဖြစ်သည်။

ထို့ပြင် ယာဉ်ထွက်ခွာချိန်ကို နံနက် ၅ နာရီနောက်ပိုင်း စတင်ထွက်ခွာရန်၊ နောက်အကျဆုံး ည ၈ နာရီမှ ၁၀ နာရီအတွင်း ပြန်ရောက်မည့်အစီအစဉ်များ ရေးဆွဲစေလွှတ်ရန်၊ ခရီးသွားစဉ် လမ်းခရီး၌ ထူးခြားဖြစ်စဉ်များကို အသင်းဝင်ဂိတ်အချင်းချင်း အသိပေးရန်နှင့် ပြည်တွင်းဘုရားဖူးနှင့်ခရီးသွားဝန်ဆောင်မှုအသင်း၏ DPTOA Member Group တွင်လည်း စာရေးသားပေးပို့၍ အသိပေးရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ခန့်ခန့်

➡ **ရှေ့ဖုံးမှအဆက်**

အကောင်အထည်ဖော်နိုင်ရေး၊ သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သဲနုန်းများတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ)ဦးဝင်းဆွေ၏**ကုန်းလမ်းပို့ဆောင်ရေးဥယျာဉ်ကြားမှုဦးစီးဌာနအား ခရိုင်မြို့များတွင် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မြိုင်ကကုန်းလမ်းပို့ဆောင်ရေးဥယျာဉ်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်တစ်ရုံးဖွင့်လှစ်မည်ဆိုပါက ရုံးဆောက်လုပ်ရန်နှင့် ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းလုပ်ငန်းဆောင်ရွက်ရန် အနည်းဆုံး ပေ ၄၀၀'x ၄၀၀' မြေနေရာလိုအပ်ခြင်း၊ ရုံးဖွဲ့စည်းပုံနှင့် ဝန်ထမ်းဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲ၍ ရုံးဖွင့်လှစ်ခွင့်အား တင်ပြတောင်းခံရခြင်း၊ နိုင်ငံတော်၏ရသုံးမှန်းခြေငွေစာရင်းတွင် ရုံးအဆောက်အအုံ၊ ရုံးသုံးပရိဘောဂ၊ ရုံးသုံးစက်ကိရိယာ၊ ယာဉ်စစ်ဆေးရေးစက်ကိရိယာများ၊ ရုံးအသုံးအဆောင် ပစ္စည်းများ အတွက် ငွေလုံးငွေရင်းအသုံးစရိတ်များကြိုတင်၍ တင်ပြတောင်းခံရခြင်းနှင့် ခန့်ထားရမည့်ဝန်ထမ်းများ၏ လစာစရိတ်များပေးချေရန် အတွက် သာမန်အသုံးစရိတ်များ နှစ်စဉ်တင်ပြတောင်းခံရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကုန်းလမ်းပို့ဆောင်ရေးဥယျာဉ်ကြားမှုဦးစီးဌာနအနေဖြင့် ရုံးအသစ်ဖွင့်လှစ်မည်ဆိုပါက အထက်ပါအချက်အလက်များ ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ရုံးဖွင့်လှစ်နိုင်ခြင်းမရှိသော ဒေသများရှိ ယာဉ်ပိုင်ရှင်နှင့်ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူပြည်သူများ အဆင်ပြေစေရေးအတွက် မော်တော်ယာဉ်မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများအား နယ်လှည့်ဆောင်ရွက်ပေးလျက်ရှိ၍ လတ်တလောတွင် ခရိုင်မြို့များ၌ ရုံးအသစ်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ချောင်ဦးမဲဆန္ဒနယ်မှဦးထွန်းလွင်၏ **Digital အသွင်ကူးပြောင်းရေးဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့် ရလဒ်ကိုမည်ကဲ့သို့ စောင့်ကြည့်မှုပြုလုပ်ပြီး ပို့မိုတိုးတက်အောင် လုပ်ဆောင်နေမှုအခြေအနေကို ရှင်းလင်းပြောကြားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမင်းဇေယျာလှိုင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည်မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး (Digital Transformation) လုပ်ငန်းစဉ်များကို စနစ်တကျ လမ်းညွှန်အကောင်အထည်ဖော်ရန် အတွက် အမျိုးသားဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရောတိုကာလတွင်သိသာထင်ရှားမြင်သာသည့် ငွေကြေးအကျိုးအမြတ်များ Tangible Result များ ရရှိနိုင်မည်မဟုတ်သော်လည်း ရေရှည်ကာလများတွင် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သိသာထင်ရှားသည့်ရလဒ်များ၊ လူနေမှုနှင့် လူမှုစီးပွားကိစ္စရပ်များတွင် တိုးတက်မှုများရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကဲ့သို့ ပြည်သူအပေါ် အကျိုးပြုသည့် ရလဒ်ကောင်းများ ရရှိနိုင်ရေးအတွက် စနစ်တကျ စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်ညွှန်းကိန်းများ သတ်မှတ်တိုင်းတာခြင်းတို့ကို ပန်းတိုင်ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မှုအား စနစ်နှင့်အညီ အကောင်အထည်ဖော်နိုင်ရေးမည်သို့ဆောင်ရွက်မည်နှင့်ဆက်လက်ဆောင်ရွက်နေသည်ကို ပြည်သူသိရှိနိုင်ရေး အသိပညာပေးရန်အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မှ အသက် ၃၅ နှစ်အထိ သတ်မှတ်ချက်များနှင့်အကျုံးဝင်သူ အမျိုးသားများကိုသာ ဆင့်ခေါ်လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ကောက်ယူသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆောင်ရန်အသက် အရွယ်အရအကျုံးဝင်သူအမျိုးသား ဦးရေ ၆ ဒသမ ၂ သန်း ဝန်းကျင်ခန့် ရှိပါကြောင်း။

သို့သော်လည်း ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် နယ်မြေ/ဒေသအားလုံးမှ ပြည်သူ့စစ်မှုထမ်းရန် သတ်မှတ်ချက်နှင့် အကျုံးဝင်၊ ကိုက်ညီသူအားလုံးကို တစ်ပြိုင်တည်း၊ အင်အားတစ်ပြေးညီ သတ်မှတ်ခေါ်ယူစေခြင်းမျိုးမဟုတ်ဘဲ သက်ဆိုင်ရာနယ်မြေဒေသ/မြို့နယ်အလိုက်အကျုံးဝင်လူဦးရေ၊ လူဦးရေအစိတ်အကဲ့၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုအခြေအနေ၊ လမ်းပန်းဆက်သွယ်မှုအခြေအနေ စသည်တို့ကို အသေးစိတ်အခြေခံတွက်ချက်ပြီး အချိုးကျသတ်မှတ်ဆင့်ခေါ် စေခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဝတ္တရားဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်စေရေးအတွက် လက်ကမ်းစာစောင်များရိုက်နှိပ်ပြီး ရပ်ကွက်/ကျေးရွာများအတွင်း ဖြန့်ဝေအသိပေးလျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး အများပြည်သူသိရှိလိုသည်များကို မေးမြန်းနိုင်ရန်နှင့် ဥပဒေနှင့်မညီသည့်ဆောင်ရွက်နေမှုများရှိပါက သတင်းပေးပို့တိုင်ကြားနိုင်ရေးဆက်သွယ်ရမည့်ဖုန်းနံပါတ်များကိုလည်း အသိပေးကြေညာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညှိမဲဆန္ဒနယ်မှဒေါ်ဇာဖြည့်လွင်၏ **သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး မူဝါဒများချမှတ်ပြီး မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊ သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးစေရေး၊ မိုးခေါင်ရေရှားမှုနှင့်အပူဒဏ်ကာကွယ်ရေး၊ ပင်လယ်ကမ်းရိုးတန်းဒေသများ မုန်တိုင်းအန္တရာယ်မှ ကာကွယ်ရေးနှင့် ရေကြီးရေလျှံခြင်းတို့ တားဆီးကာကွယ်နိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ တိုးပွားလာစေရေးတို့အတွက် သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် သစ်တောပျက်စီးပြုန်းတီးသွားသည့် နေရာများ၊ တောနိမ့်တောပါးများ၊ ရေဝေရေလဲဒေသများတွင် သစ်တောစိုက်ခင်းအမျိုးမျိုးတည်ထောင်စိုက်ပျိုးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်အထိ စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောသစ်ပင်စိမ်းလန်းစိုပြည်ရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ပေးရန် မူဝါဒများချမှတ်ပြီး တစ်ပြိုင်တည်းလုပ်ဆောင်ရန်နှင့် ပတ်သက်ပြီးသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မူဝါဒရည်မှန်းချက်များနှင့်အညီ ကာလတို၊ ကာလရှည် စီမံကိန်းများချမှတ်ပြီး သဘာဝတောများ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းအမျိုးမျိုး တည်ထောင်ခြင်းနှင့်ပြည်သူများ ပူးပေါင်းပါဝင်သည့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအစီအစဉ်များ အကောင်အထည်ဖော်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စလင်းမဲဆန္ဒနယ်မှ ဦးဇော်နိုင်၏ **စလင်းမြို့နယ် အ.ထ.က(ခွဲ) တ/ရုံးပင်ကန်ကျောင်းတွင် (၂)ထပ်ကျောင်းဆောင်သစ်ကို မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တ/ရုံးပင်ကန်-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် တန်းခွဲအရ လိုအပ်သည့် စာသင်ခန်း၊ စာကြည့်တိုက်၊ မီဒီယာခန်း၊ အစည်းအဝေးခန်းများအတွက် အဆိုပါကျောင်းရှိအန္တရာယ်ဆောင်ဖြစ်သော ရတနာဆောင် ပေ ၁၀၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် ၁ ထပ်ဆောင် အား ဖျက်သိမ်း၍ ပေ ၁၄၀ x ၃၀ RCC ၂ ထပ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်း မဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်း-အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ယာယီဆောင်ဖြင့် ပညာသင်ကြားနေရခြင်း၊ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade -10 ကျောင်းသားမရှိသော်လည်းလာမည့်ပညာသင်နှစ်တွင်ကျောင်းသား ရှိလာပါက စာသင်ခန်းလိုအပ်နိုင်သောကြောင့် အထက်တန်းဆင့်အတွက် စာသင်ခန်း ၂ ခန်းစာ ပေ ၆၀ x ၃၀ RCC (၁)ထပ်ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း၏ **မြဝတီမြို့နယ်ရှိ ပင်မ ဓာတ်အားခွဲရုံအား ပြုပြင်တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မရှိပါက အဘယ်ကြောင့် နှင့်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြဝတီမြို့၊ ကော့ကရိတ်မြို့၊ ကြာအင်းဆိပ်ကြီးနှင့်အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးထားသော ၂၃၀/၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံသည် အကြမ်းဖက်အဖွဲ့အစည်း၏ နှစ်ကြိမ်ဖျက်ဆီးခံခဲ့ရပြီး ပျက်စီးမှုများအား ဝန်ကြီးဌာနအစီအစဉ်ဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ဓာတ်အားပို့လွှတ်ခဲ့ပါကြောင်း၊ သို့သော်တတိယအကြိမ် ဖျက်ဆီးခံရမှုတွင် ၂၃၀ ကေဗွီ မြဝတီပင်မဓာတ်အားခွဲရုံ ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်နှင့်အတူ ၂၃၀ ကေဗွီ မော်လမြိုင် - မြဝတီ (၁၂) မဟာဓာတ်အားလိုင်းသည်လည်း ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ပြန်လည်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်၍ ၂၃၀ ကေဗွီ မော်လမြိုင် - မြဝတီ (၁၂) မဟာဓာတ်အားလိုင်း ဓာတ်အားစနစ်ဖြင့် ပြန်လည်ချိတ်ဆက်ဓာတ်အားပို့လွှတ်နိုင်ချိန်မှသာ မြဝတီမြို့နယ်အတွင်းသို့ ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်းနှင့် ၆၆/၁၁ ကေဗွီ၊ (၂၀+၁၀) အမ်ဗွီအေ မြဝတီ ဓာတ်အားခွဲရုံမှ မြဝတီမြို့နယ်အတွင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား လိုအပ်သည့် ထိန်းသိမ်းပြုပြင်စစ်ဆေးခြင်းများကို ကြိုတင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **မလှိုင်မြို့နယ် ရွှေစုခင်နှင့် သဘွတ်ကုန်းရွာတို့တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် လိုင်းများသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မိတ္ထိလာခရိုင် မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအနေဖြင့် ရွှေစုခင်ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းသည် ဒသမ ၉ မိုင်၊ သဘွတ်ကုန်း (တောင်) ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း သည် ဒသမ ၈ မိုင်၊ သဘွတ်ကုန်း(မြောက်)ကျေးရွာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်တို့ တိုးချဲ့တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာအုပ်စု ရွှေစုခင်ကျေးရွာ၊ သဘွတ်ကုန်း(တောင်ရွာ)နှင့် သဘွတ်ကုန်း

စာမျက်နှာ ၈ သို့ ➡

ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁)ရက် (ကြာသပတေးနေ့)သည် "ဘဏ်ပိတ်ရက်" ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌
မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို
ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။

သစ်ပင်စိုက်ပျိုးပေးခြင်းနှင့် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်း အသိပညာပေးဟောပြောပွဲကျင်းပ

ပျော်ဘွယ် စက်တင်ဘာ ၂၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ဖွဲ့သင်းကျေးရွာအဝင် လမ်း စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးပေးခြင်း၊ ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၂၄ ရက်တွင် ဖွဲ့သင်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဖွဲ့သင်းကျေးရွာအဝင် လမ်း စိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲယာတွင် စိန်ပန်း ၅၃ ပင်၊ မဲဇလီ ၂၀ ပင်တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများက စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေးစီမံကိန်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းပါဝင်ရန်လိုအပ်သလို ကျေးရွာနေပြည်သူများအနေဖြင့် လည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက စီမံကိန်းလုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ (၄၀၂)

➡ **စာမျက်နှာ ၇ မှ**

(မြောက်ရွာ)တို့တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လိုအပ်သော ၄၀၀ ဗို့ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှဦးဝင်းဌေး၏ **လယ်ဝေးမြို့နယ် အေလာနှင့် သာဝတ္ထိနယ်မြေအတွင်းမှ ရွာများအား ၄၀၀ ဗို့ဓာတ်အားလိုင်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က လယ်ဝေးမြို့နယ် အေလာနယ်မြေအတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် တည်ဆောက်ရန် လိုအပ်လျက်ရှိသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်းလုပ်ငန်းများအား နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် လည်းကောင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း ကျေးရွာ ၂၉ ရွာအနက် အောင်သာယာ၊ ကြာကန်၊ ဗောဓိကုန်း၊ အောင်ချမ်းသာ၊ ဟောမာန်၊ အောင်မင်္ဂလာ၊ အောင်စည်လာ၊ တဲကြီးကုန်း၊ တဲကြီးကုန်း(ရွာသစ်)နှင့် အောင်နန်းချို ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၀ ဒသမ ၃ မိုင်၊ ၁၁/၀.၄ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၁ လုံးနှင့် ၄၀၀ ဗို့လိုင်း ၁၃ ဒသမ ၅ မိုင်တို့အား နေပြည်တော်ကောင်စီဝေလုံးဝေရင်း ရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် တည်ဆောက်သွယ်တန်းထားပြီး ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း ကျန်ရှိနေသော ကျေးရွာ ၁၀ ရွာတွင် ၁၁ ကေဗွီလိုင်း ၁၄ မိုင်နှင့် ၁၁/၀.၄ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၁၀ လုံး တို့ကို နေပြည်တော်ကောင်စီဝေလုံးဝေရင်းရန်ပုံငွေဖြင့် ၂၀၁၈-၂၀၁၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်များတွင် တည်ဆောက်သွယ်တန်းပြီးဖြစ်သော်လည်း ကျေးရွာများအတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ၈ ဒသမ ၅ မိုင်ခန့်တည်ဆောက်ရန်ကျန်ရှိနေပါကြောင်း၊ ထို့ပြင် မြို့ငြိသာယာ၊ ပိန်းချောင်း၊ ဗောဓိပင်၊ ရွှေမြင့်မိုရ်၊ ဇီးကုန်း၊ လသာ(ပေါက်မြို့)နှင့် ကြို့တန်း(တဲတန်း)ကျေးရွာ ၇ ရွာတွင် ၁၁ ကေဗွီလိုင်း ၈ ဒသမ ၆ မိုင်ခန့်၊ ၁၁/၀.၄ ဒသမ ၄ ကေဗွီ ထရန်စဖော်မာ ၇ လုံးနှင့် ၄၀၀ ဗို့လိုင်း ၃ ဒသမ ၅ မိုင်ခန့် တည်ဆောက်ရန်လိုအပ်လျက်ရှိပါသဖြင့် အဆိုပါ ကျေးရွာ ၁၇ ရွာတွင် တည်ဆောက်ရန် ကျန်ရှိနေသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ဒသမ ၄ ကေဗွီထရန်စဖော်မာတည်ဆောက်ခြင်းလုပ်ငန်းများအား နေပြည်တော်ကောင်စီရန်ပုံငွေဖြင့်လည်းကောင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများအား လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒေသဖွံ့ဖြိုးရေးရန် ပုံငွေဖြင့် လည်းကောင်း ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်လျာထား၍ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နှစ်အလိုက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သာဝတ္ထိနယ်မြေအတွင်း တောင်ပေါ် ဒေသတွင် တည်ရှိသော ဇလီနှင့် လသာ (၄၀ကြီးတောင်)ကျေးရွာ ၂ ရွာတွင် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး လုံခြုံရေးအခြေအနေအရ မြေပြင်ကွင်းဆင်းနိုင်မှု မရှိခြင်းနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဆက်သွယ်စိစစ်ချက်အရ ပြည်သူပူးပေါင်းပါဝင်ရမည့် ငွေပမာဏကိုလည်း ထည့်ဝင်နိုင်မှု မရှိခြင်းတို့ကြောင့်လောလောဆယ် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပေါင်မဲဆန္ဒနယ်မှ ဦးဗိုလ်ဝင်း၏ **ပေါင်မြို့နယ် အလုပ်ကျေးရွာ ပင်လယ်ကမ်းခြေပတ်တာကျောက်စီတာတမံတွင် ကျန်ရှိနေသော ၁၀၅၀ ပေကို ကွန်ကရစ်တာတမံအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဗိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်ကပေါင်မြို့နယ် အလုပ်ကျေးရွာရှိ ဒေသမှထိန်းသိမ်းထားသောအလှာရေငန်တား တာပေါင်ကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်သည့် ပေတိုင် ၃၈၀၀ မှ ၅၀၀၀ အထိ အလျားပေ ၁၂၀၀ အပိုင်းမှ တာပေါင် အလျားပေ ၁၅၀ ကို ဆောင်ရွက်နိုင်ရန် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေခွဲဝေရရှိပြီးဖြစ်၍ မိုးရာသီအကုန် ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ တာပေါင် အလျား ပေ ၃၀၀ ကို ထပ်မံဆောင်ရွက်ရန်အတွက် ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း၊ ထပ်မံဆောင်ရွက်ရန်ကျန်ရှိသည့် အပိုင်းပေ ၇၅၀ အနက် တာပေါင် အလျားပေ ၃၇၀ ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းများကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဟင်္သာတမဲဆန္ဒနယ်မှဦးဌေးဝင်း၏ **ဟင်္သာတမြို့ သပြုဆိပ်အုတ်သျှစ်ကုန်းနှင့် ဝဲကြီးကျေးရွာများရှိ တာပေါင်များအား ခိုင်ခံ့အောင် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဟင်္သာတမြို့နယ် သပြုဆိပ်လယ်သမားတာနှင့်ဝဲကြီးလယ်သမားတာများသည် တောင်သူများ၏ အစီအစဉ်ဖြင့် တည်ဆောက်ထားပြီး တောင်သူများကိုယ်တိုင်ပြုပြင်ထိန်းသိမ်းလျက်ရှိကာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းထားခြင်းမရှိပါကြောင်း၊ အဆိုပါလယ်သမားတာများသည် မိုးရာသီဝဝန်မြစ်ရေမြင့်ချိန်တွင် ဝဝန်မြစ်ရေ ခေတ္တခိုအောင်းရာဧရိယာအား လျော့နည်းစေသဖြင့် ဝဝန်မြစ်အတွင်း ရေမျက်နှာပြင်ကို ပိုမိုမြင့်တက်စေပြီး ဝဝန်ရေဘေးကာကွယ်ရေးတာဇ၏ လုံခြုံစိတ်ချရမှုကို ထိခိုက်စေနိုင်ပါကြောင်း။

တောင်သူများ၏လက်ရှိအကျိုးစီးပွားမထိခိုက်စေရေးအတွက် ကာကွယ်ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ဝဝန်မြစ်ရေဘေးကာကွယ်ရေးတာဇ၏ လုံခြုံစိတ်ချရမှုကိုမထိခိုက်စေရန်လည်းကောင်း အဘက်ဘက်မှချိန်ဆပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားရမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် ကမ်းပြိုကာကွယ်ခြင်းလုပ်ငန်းအပါအဝင် တာဝိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှားမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှားမြို့နယ် နမ့်အွန်ချောင်းပေါ် ရှိဖိုင်အွန်ဆည်ကို သစ်ရိက်ကျောက်ဖြည့်ဆည်အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိုင်းစံမြို့ရှိ ဖိုင်အွန်ဆည်သည် ရေကြီးမှုကြောင့် တိုက်စားပျက်စီးသွားသဖြင့် မူလလက်ရိုက်ဆည်၏ အောက်ဘက် ပေ ၅၀၀ ခန့်အကွာ ချောင်းကျဉ်းသည့် နေရာတွင် အလျား ပေ ၂၀၀၊ အမြင့် ၆ ပေဖြင့် သစ်ရိက်ကျောက်ဖြည့်ဆည်အသစ် တည်ဆောက်ခြင်းနှင့် အလျားပေ ၅၀၀ ရှိသည့် ရေပေးမြောင်းအသစ် တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေပေါ်မူတည်၍ လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်း မဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးချောင်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင်ပြန်လည်တူးဖော်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကွမ်းခြံကုန်းမြို့နယ် ဖီမခိုင်ရိုးချောင်းကို မူလအနက်ရရှိစေရန်အတွက် ပြန်လည်တူးဖော်ပါက မိုးစပါးရာသီ ကွင်းရေနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည့် အပြင်နွေသီးနှံအောင်ရေလုံလောက်စွာ သွင်းယူစိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကွမ်းခြံကုန်းမြို့နယ်၊ တောကြီးတန်းတိုက်နယ်၊ ဆိပ်ကြီးကျေးရွာအုပ်စုရှိ ဖီမခိုင်ရိုးချောင်းအား ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် ခန့်မှန်းဆောင်ရွက်ရမည့် လုပ်ငန်းပမာဏနှင့် လိုအပ်သောရန်ပုံငွေကို နီးစပ်ရာဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၇-၂၀၂၈ တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံထားဆဲဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိသည့် အချိန်နှင့်ကိုက်ညီ၍ မြေပြင်တိုင်းတာမှုလုပ်ငန်းများကို ထပ်မံစိစစ်၍ ရိုးချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ကိုင်ထောင်ချောင်းတစ်လျှောက် သဲနုန်းများတူးဖော်ခြင်း၊ တာပေါင်မြင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိမရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က တနိုင်းမြို့ပေါ်တွင် ဖြတ်သန်းစီးဆင်းနေသော ကိုင်ထောင်ချောင်း၏ တနိုင်း-မြစ်ကြီးနားလမ်းအောက်ပိုင်း အလျား ၉၅၃၃ ပေ သဲနုန်းတူးဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ချောင်းရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ယခုအခါ ရေစီးရေလာကောင်းမွန်နေပြီဖြစ်ပါကြောင်း၊ တနိုင်း-မြစ်ကြီးနားလမ်း၏အထက်ပိုင်းရှိ ကိုင်ထောင်ချောင်းတစ်လျှောက်တွင် လက်ရှိတွင် ရေစီးရေလာကောင်းမွန်လျက်ရှိပြီး သဲနုန်းတူးဖော်ရှင်းလင်းဆောင်ရွက်ရန် မလိုအပ်ပါကြောင်း။

ကိုင်ထောင်ချောင်းတစ်လျှောက် ဘေး၀/ယာတွင် ကျောက်စီမြေထိန်းနံရံဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့်ပတ်သက်၍ တနိုင်းမြို့နယ် ရပ်ကွက်များ ရေကြီးရေလျှံမှုမလျော့ပါးသက်သာစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုအပ်သည့် စီစစ်လေ့လာတိုင်းတာမှုများ ဆောင်ရွက်ပြီး မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် အပိုင်းများကို ဦးစားပေးသတ်မှတ်ကာ နီးစပ်ရာဘဏ္ဍာနှစ်မှစတင်၍ ဘဏ္ဍာနှစ်အလိုက် သွားရန်လိုအပ်ပါကြောင်းတို့ကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက စီမံကိန်းလုပ်ငန်းစတင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအားလက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေးပဋ္ဌမနေ့ကို စက်တင်ဘာလ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေးဟောပြော

ဟိုင်းကြီးကျွန်း စက်တင်ဘာ ၂၄

ဧရာဝတီ တိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာ အထက်တန်းကျောင်း(ဟိုင်းကြီး) ၌ ကျောင်းသား၊ ကျောင်းသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာလ ၂၄ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဟိုင်းကြီးကျွန်းမြို့လျှပ်စစ်အင်ဂျင်နီယာရုံးတာဝန်ခံ ဦးစိုးပိုင်က လျှပ်စစ်ဓာတ်အားပေးခွဲရုံများ၏ လုပ်ငန်းလည်ပတ်မှုပုံစံများ၊ လုံခြုံစိတ်ချရသော လျှပ်စစ်မီးအသုံးပြုပုံများနှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက်ဆောင်ရန်၊ ရှောင်ရန်များအား ကျောင်းသား၊ ကျောင်းသူများသိရှိစေရေး အသိပညာပေးပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်းသိရသည်။

လှိုင်မျိုးအောင်(ပြန်/ဆက်)



ပိုးစာပင်စိုက်ပျိုးခြင်းလုပ်ငန်းနှင့် ပိုးချည်ကောင်မွေးမြူခြင်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်း

တန့်ယန်း စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မိုင်းကျိုင် ကျေးရွာအုပ်စု ကွန်နင်ကျေးရွာ၌ ကျေးလက်ဒေသနေ တောင်သူများ၏တန်ဖိုးမြှင့်ထုတ်ကုန်တစ်မျိုး ဖြစ်သည့်ပိုးချည်ပိုးထည်ထုတ်လုပ်ရန် အသုံးပြုသော ပိုးစာပင် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးချည်ကောင် မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းကျိုင်ကျေးရွာအုပ်စု ကွန်နင်ကျေးရွာရှိ တောင်သူဦးစိုင်းကျော်နိုဇ၏ ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးချည်ကောင် မွေးမြူရေးလုပ်ငန်းအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပိုးစာပင်စိုက်ပျိုးထားမှု အခြေအနေ၊ ပိုးချည်ကောင်မွေးမြူရေးအလုပ်ရုံအတွင်း ပိုးချည်ကောင်များ မွေးမြူထားမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေး၍ ပတ်ဝန်းကျင်ရှိတောင်သူများ၏ လိုအပ်ချက်များကို အသိပညာပေးဆောင်ရွက်သည်။

ပိုးစာပင်သည် မြေအမျိုးအစား မရွေး စိုက်ပျိုးနိုင်ပြီး သဲနုန်းမြေကို အနှစ်သက်ဆုံးဖြစ်ကာ ပင်ကြီးတန်းကြား ၅ ပေ၊ ၂ ပေခန့်ခြား စိုက်ပျိုးနိုင်သည်။ ပိုးချည်ကောင်ကို ပိုးငယ်ကောင်အရွယ်မှ ပိုးကြီးအရွယ်ထိ စုစုပေါင်း ၂၀ ရက်မှ ၂၅ ရက်ခန့် ပိုးဥကတ်၌ ပိုးချည်လုံးသည်အထိမွေးမြူရပြီး တစ်ဧကပိုးအိမ်အထွက်နှုန်း ၁၄၄၀၀ ပေါင်ထွက်ရှိ၍ ပိုးစာပင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ပိုးချည်ကောင် မွေးမြူရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံ ပဲတီစိမ်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ စက်တင်ဘာ ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ပဲတီစိမ်းများသည် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်းသီးနှံဖဂုဂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လလောက်ကစပြီး ရိတ်သိမ်းခဲ့ရာ ဒီနေ့မှာတော့ ဧကအားလုံးကို ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲတီစိမ်းအထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၉ ဒသမ ၄၅ တင်း ထွက်ရှိပါတယ်။ ပဲတီစိမ်း ရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်းတွေ လျော့နည်းမှုမဖြစ်အောင် အချိန်မီ ရိတ်သိမ်းနည်းပညာများကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးတဲ့အပြင် သီးနှံတွေ အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက်သို့ စနစ်တကျ သိမ်းဆည်းနည်းစနစ်တွေကိုလည်း အသိပညာပေးပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပဲတီစိမ်းသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်၍ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားရေရိကွာ ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကော့သောင်း စက်တင်ဘာ ၂၄

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့ ခရိုင်အားကစားခန်းမ၌ ၂၀၂၆ ခုနှစ် ကော့သောင်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဘောလုံး အားကစားအသင်းများက ကွင်းအတွင်းနေရာယူ၍ မြို့နယ်စီမံခန့် ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲအား ဖွင့်လှစ်ကာ ပြိုင်ပွဲဝင် ဘောလုံး အားကစားအသင်းများမှ အားကစားအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ဆက်လက်၍ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ရွှေဇင်ယော်မှ ကျောင်းသူလေးများက Fintness Dance ဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (ခွဲ) A အသင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ခွဲ) B အသင်းတို့က အမျိုးသား ဖူဆယ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ကော့သောင်းမြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား၊ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဖူဆယ်ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ အမျိုးသားဖူဆယ် အသင်း ၁၃သင်း၊ အမျိုးသမီးဖူဆယ် အသင်း ၈းသင်းတို့က ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)



ထိန်းသိမ်းကြပါ အိုဇုန်းလွှာ

➡ ဥတုပေါ် အမှီပြု
ကောင်းဆိုးမှု ကြုံရရှာ။
ဤကမ္ဘာ မြေတစ်လွှား
များသတ္တဝါ။
ဥတုမျှ အေးမြသာ
ပန်းပမာ ကြိုင်လှိုင်လန်း။
ကြမ်းတမ်းကာ ဖောက်ပြန်ဆိုးတော့
ညှိုးနွမ်းသည့်ပန်း။

➡ သစ်ပင်တွေ ပြုတ်ပြုတ်ပြုန်းတော့
ပူနွေးထုံး ကမ္ဘာမြေ။
စက်ရုံတွေ ယာဉ်အမျိုးမျိုး
မီးခိုးငွေ့ဝေ။
အိုဇုန်းလွှာ ကာကွယ်နေ
ကမ္ဘာမြေ တည်တံ့ကောင်း။
နေရောင်ခြည် အလင်းပေးလို့
ကျေးဇူးပြုကြောင်း။

➡ နေရောင်မှာ ပါဝင်စွမ်းတဲ့
ခရမ်းလွန် ဓာတ်ရောင်ခြည်။
ရောဂါစုံ တနှင့်တထွေး
ပေးရက် လေသည်။
ကျေးဇူးရှင် ပမာတည်
ဓာတ်ရောင်ခြည် ကာကွယ်ထား။
အိုဇုန်းလွှာ သဘာဝထီးက
ကာဆီးဟန့်တား။

➡ ဓာတ်ငွေ့တွေ ခြန္ဒယ်စား
လုံးပါးပါး အိုဇုန်းလွှာ။
မြေကမ္ဘာ ကျန်းမာရေး
တွေးပူကြပါ။
တိုးတက်သည့် နည်းပညာ
ဉာဏ်ယှဉ်ကာ ဆင်ခြင်သုံး။
အိုဇုန်းလွှာ မပျက်တိမ်းအောင်
ထိန်းသိမ်းသက်ဆုံး။ ။

မောင်မင်းသိမ်း(သရက်)

မရမ်းကုန်းမြို့နယ် ချမ်းမြေရိပ်သာကျောင်းတိုက် ချမ်းမြေဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ ရတ္တညူမဟာနာယက အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝေါဓကသာသနာ့ဝန်းကြီး သမ္ပသီဟနှင့် အစိုးရသိရိပဝရမွန်စာရိယ သက်တော်(၉၉)နှစ် သိက္ခာဝါတော်(၇၉)ဝါရှိ ချမ်းမြေဆရာတော် ဘုရားကြီး ဘဒ္ဒန္တဇနကာဘိဝံသ၏ အန္တိမ အဂ္ဂိဈာပန သာဓုကီဠနပူဇော်ပွဲကို သာသနာ ထုံးစံနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အစီအစဉ်(ပထမပိုင်း) ဒါနသီလ ဘာဝနာပူဇော်နှင့်ပတ်သက်ဒါနကိုရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ချမ်းမြေရိပ်သာကျောင်းတိုက်ဝင်းအတွင်း စက်တင်ဘာလ ၂၅ ရက်နံနက် ၁၀နာရီခွဲတွင် သံဃာတော်များအား နေ့ဆွမ်းကပ်၍ ဧည့်ပရိသတ်တို့အား နံနက်စာ ထမင်း၊ ဟင်းဘူးများ ဝေငှလှူဒါန်းမည်ဖြစ်သည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇော အခမ်းအနားစတင် ကျင်းပမည်ဖြစ်ပြီး အခမ်းအနား၌ ချမ်းမြေဆရာတော် ဘုရားကြီး၏ ကြိုးစားကြပါစို့ဟူသော ချမ်းမြေအဓိဋ္ဌာန်နှင့်သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေသာယာရှိပါစေဟူသော ချမ်းမြေမေတ္တာပို့ဆုတောင်းစုပေါင်းရွတ်ဆိုပူဇော်ခြင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ချမ်းမြေဆရာတော်ကြီး ရေးသားထားသော ဘုရား၊ တရား၊ သံဃာ ရှိခိုးခြင်းအကျဉ်းဖြင့် စုပေါင်းရှိခိုးခြင်း၊ သံဃာတော်များက အနိစ္စာဝတ သခ်ါရာ(၃)ဂါထာရွတ်ဆို၍ သံဝေဂညာဏ်ပွားများခြင်း၊ နိုင်ငံခြားသားယောဂီများက အင်္ဂလိပ်ဘာသာဖြင့် စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော် အား စိန်ကတ္တီပါလွှမ်းခြုံပူဇော်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းခြင်း၊ ချမ်းမြေဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ခြင်း၊ မဟာထေရဂုဏ်ပူဇော်သံဝေဒနီယဂါထာတို့ကို ဖတ်ကြားပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပေးပို့သော သံဝေဂဉာဏ်ပွားကြောင်း သဝဏ်လွှာ၊ ရွှေကျင်နိကာယဗဟုဠဂဏ၏ သံဝေဂိယကထာသဝဏ်လွှာ၊သာသနာရေးဝန်ကြီးဌာနက ပေးပို့သောဝမ်းနည်းကြောင်း သဝဏ်လွှာတို့ကို ဖတ်ကြားပူဇော်ခြင်း၊ ရွှေကျင်နိကာယာ ဓိပတိ ဥက္ကဋ္ဌမဟာနာယကဓမ္မသေနာပတိ သောဠသမရွှေကျင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော် ဘုရားကြီးထံမှ သံဝေဂတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေခြင်း၊ အပြစ်ရှိက သည်းခံခွင့်လွှတ်ပါရန် ချမ်းမြေဆရာတော်ဘုရားကြီးအား တောင်းပန်ကန်တော့ခြင်း၊ ချမ်းမြေဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်ကို ကရဝိက်ဖောင်တော်ပေါ်သို့ကြွရောက်ပါရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်ရာ၌ ဆရာတော်ဘုရားကြီး၏ဥတုဇရုပ်ကလာပ်တော်ကို တပည့်သံဃာတော်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော်ကြီး၏ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အစီအစဉ်တကျထမ်းရွက်ပင့်ဆောင်ကြမည်ဖြစ်သည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအဖြစ် အန္တိမအဂ္ဂိဈာပန မီးသင်္ဂြိဟ်ပူဇော်ခြင်း အစီအစဉ်ကို ညနေပိုင်းတွင် သဃ်နန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARKတွင် ကျင်းပသွားမည်ဖြစ်သည်။

အစီအစဉ်အရ ဆရာတော်ဘုရားကြီး၏ဥတုဇရုပ်ကလာပ်တော်ကို ကရဝိက်ဖောင်တော်ပေါ်မှ အစီအစဉ်အတိုင်းပင့်ဆောင်၍ တပည့်သံဃာတော်များက မီးသင်္ဂြိဟ်ပူဇော်မည့် လောင်တိုက်တော်ကို လက်ယာရစ်သုံးပတ်လှည့်လည်ပင့်ဆောင်ပူဇော်ခြင်း၊ ဆရာတော်ဘုရားကြီး၏ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပန မီးပူဇော်ခွင့် ပြုပါရန် တောင်းပန်လျှောက်ထားသော် အဘိယာစန နိမန္တန ဂါထာတော်ကို ဖတ်ကြားပူဇော်ခြင်း၊ တပည့်ကြီး(၃)ပါးတို့က စက်ခလုတ်နှိပ်၍ ဆရာတော်ကြီး၏ဥတုဇရုပ်ကလာပ်တော်ကို မီးပူဇော်ချိန်တွင် တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက အနိစ္စာဝတ သခ်ါရာအစချီသော (၃)ဂါထာကို ရွတ်ဆိုပူဇော်၍ သံဝေဂဉာဏ်ပွားများခြင်း၊ တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီး၏ အရိုးဓာတ်ပြာများကို စောင့်ယူပင့်ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ချင်းပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ဟားခါး စက်တင်ဘာ ၂၄

ချင်းပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ နာယက ချင်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာ ဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ဒေသအနေအထားအရလတ်တလောတွင် စက်မှုဇုန်ဖော်ဆောင်ရန်အခြေအနေ မပေးသေးသော်လည်း မြေနေရာရှာဖွေခြင်း၊ လျာထားမြေနေရာသတ်မှတ်ခြင်း၊ မြေပုံမူကြမ်းရေးဆွဲခြင်းတို့ကဲ့သို့ ကြိုတင်ဆောင်ရွက်၍ ရသည့် လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားပါက လုပ်ငန်းဆောင်ရွက်နိုင်သည့်အချိန်တွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုဇုန်နှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ကော်မတီဝင်များက ချင်းပြည်နယ် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေများနှင့် စက်မှုဇုန်ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဟားခါးမြို့၊ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့နယ်များတွင် စက်မှုဇုန်သစ်ဖော်ဆောင်နိုင်ရေးဦးစားပေးအလိုက်လျာထားဆောင်ရွက်ထားရှိမှု၊ မြေအသုံးချမှုအခြေအနေ၊ စက်မှုဇုန်ဖော်ဆောင်ရေးအတွက် လုပ်ငန်းစဉ်ဆိုင်ရာ ကြိုတင်စဉ်းစားပြင်ဆင်သင့်သည့် ကိစ္စရပ်များ၊ ဦးတည်မည့် စက်မှုလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်း၊ အခြေခံအဆောက်အဦတည်ဆောက်မည့် ကိစ္စရပ်များ၊ စက်မှုဇုန်နှင့်သက်ဆိုင်သည့် အခွန်အမျိုးအစားများကို ရှင်းလင်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်ကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။**(ခရိုင်ပြန်/ဆက်)**

၁ ရှေ့ဖုံးမှအဆက်

အခမ်းအနားကို လူမှုဝန်ထမ်းဦးစီးဌာန ဖလမ်းမြို့ မူလတန်းကြိုကျောင်းတွင် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာနပြည်နယ်တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးတို့က မူလတန်းကြိုကျောင်း ကလေးများအား အာဟာရများတိုက်ကျွေးသည်။ အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုအခါ ချင်းပြည်နယ်အတွင်း ဟားခါးမြို့၊ တီးတိန်မြို့နှင့် ဖလမ်းမြို့များရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်ပံ့ပိုးမှုဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက်တိုက်တွန်းလိုပါကြောင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း (၆၈) ကျောင်းအတွက် ဆရာမလစာနှင့် သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအနေဖြင့် မူလတန်းကြိုကျောင်းများရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး သင်ထောက်ကူပစ္စည်းများ၊ လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများနှင့်စေတနာရှင်ပြည်သူများက လှူဒါန်းသည့်အလှူငွေများကို ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးနှင့် ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးတို့က ပေးအပ်သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဖလမ်းမြို့နေရပ်ပြန်ပြည်သူများ၏ပညာရေး၊ ကျန်းမာရေးနှင့်လူမှုစီးပွားဘဝများ တဖြည်းဖြည်းပုံမှန်လည်ပတ်နေပြီဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် ယခင်က မူလတန်းကြိုကျောင်းသုံးကျောင်း ရှိခဲ့ပြီး ယခုအခါ မူလတန်းကြိုကျောင်းနှစ်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်းသိရသည်။

ယမန်နေ့ကလည်း ဖလမ်းမြို့တွင်းပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်းပွဲဖြိုးရေးဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်နေမှု၊ ဝန်ထမ်းအိမ်ရာနှစ်လုံးပြုပြင်နေမှု၊ မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းအိမ်ရာနှင့်ရုံးအဆောက်အအုံပြုပြင်နေမှု၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး အဆောက်အအုံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာသင်ကြားနေမှုအား ကြည့်ရှုအားပေးစကား ပြောကြားပြီး စာသင်ဆောင်အဆောက်အအုံ ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြဝတီ

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့်ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၂၄

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူ တင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာလ ၂၅ ရက်မှ အောက်တိုဘာလ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၁၇၉ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Pageတို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

မြဝတီ



နီကာရာဂွါ သံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည်ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- နီကာရာဂွါ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် နည်းပညာဖလှယ်ရေး၊ ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်စေလွှတ်ရေး၊ ဘာသာရပ်များအလိုက် သင်တန်းများပေးရေး၊ သုတေသနများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၂/၂၀၂၆)အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆) ပထမခြောက်လတာ ကာလလုပ်ငန်းဆောင်ရွက်ချက်များကို အစီရင်ခံစာတင်ပြနိုင်ရေးနှင့်အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကာလ ဆင္ဒမအကြမ်းသက်တမ်းတိုးနိုင်ရေးအတွက် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၂/၂၀၂၆) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသမီးရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအား ၂၀၂၆ ခုနှစ် မေလ ၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၂၆ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီနှင့် အမျိုးသားအဆင့် ကော်မတီ၏ Core Group အား ၂၀၂၆ ခုနှစ် ဇွန်လ ၂၃ ရက်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်းအဝေးသည် ကော်မတီ၏ ပဉ္စမသက်တမ်းပထမခြောက်လတာအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို အစီရင်ခံစာတင်ပြနိုင်ရေး ရေးသားထားသည့် အစီရင်ခံစာအပေါ် ဆွေးနွေးမည်ဖြစ်ကြောင်း၊ ထို့ပြင် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ပဉ္စမသက်တမ်းသည် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၉ ရက်တွင် တစ်နှစ်ပြည့်မြောက် မည်ဖြစ်သည့်အတွက် စီမံချက်ကို သက်တမ်းတိုးရန်အတွက် ကော်မတီဝင်များ၏ သဘောထားအမြင်များကို အကြံပြုဆွေးနွေးပေးစေလိုပါ ကြောင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြီးခဲ့သည့် အမျိုးသားအဆင့်ကော်မတီ အစည်းအဝေး (၁/၂၀၂၆)၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းကော်မတီ (၂/၂၀၂၆) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ချက်များ၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၅-၂၀၂၆) ပထမခြောက်လပတ် အစီရင်ခံစာ (Final Draft) နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်းတို့ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မန္တလေးမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကျင်းပ

မန္တလေး စက်တင်ဘာ ၂၄

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကြီးမှူးရှု၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၇) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushal နှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားဖွင့်လှစ်၍ မန္တလေးမြို့အခြေစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှကောင်စစ်ဝန်ချုပ် Ms.Gao Ping က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုစကားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအေးချမ်းသာယာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်တောင်းစကားတို့ကို ပြောကြားခဲ့ကြောင်းနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်မှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

မြဝတီ



ငလျင်ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ Large Studio ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ပင်မအဆောက်အအုံရှိ Large Studio ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုကို ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် MRTV Main Building Waterproofing Work ခေါင်မိုးအမိုးထပ်မံပြုပြင်ထားရှိမှု၊ ပင်မအဆောက်အအုံအတွင်း ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ ပြန်လည်ပြင်ဆင်ထားရှိမှု၊ အမှုထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု၊ အိမ်ထောင်သည် အမှုထမ်းအိမ်ရာနှင့် အပျိုဆောင်များအသစ်တည်ဆောက်နေမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ကြည့်ရှုစဉ် ဝန်ထမ်းများနေထိုင်အသုံးပြုမည့် အဆောက်အအုံများဖြစ်သည့် အတွက် လုံခြုံစိတ်ချရမှုနှင့် ရေရှည်အသုံးပြုနိုင်မှုတို့ကို အလေးထားဆောင်ရွက်ရန်၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ပြည့်မီစွာဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်းပြီးစီးရန်၊ တည်ဆောက်ပြီးစီးပါက ရေရှည်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်မှာကြားသည်။

ထို့အတူ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စက်ပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ပြီး အရည်အသွေးပြည့်ဝသည့်တည်ဆောက်ရေးလုပ်ငန်းများ၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန် တွေ့ဆုံဆွေးနွေးမှာကြားခဲ့သည်။ **မြဝတီ**

ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးပညာပေး (Edutainment)အစီအစဉ်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာဖြောင့်မတ်တည်ကြည်သည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြားခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန် အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အ-ထ-က (၂၁)၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အ-လ-က (၁)၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အ-ထ-က (ခွဲ)(၂၅)နှင့် မွန်ပြည်နယ် မုဒုံမြို့ အ-ထ-က (ခွဲ) ကော့ခုပုံတို့တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၄၆၂ ဦးတို့ကို ကော်မရှင်ရုံးနှင့် ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကို အခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်မြို့တို့နှင့် နီးစပ်ရာမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ဘက်စုံအသုံးဝင်ဝါးပင်နှင့် မြန်မာ့စီးပွားရေးဝါးထုတ်ကုန်

ကိုကျော်စွာ(ကျိုက်ပိ)



ဝါးပင်သည် မြန်မာလူမျိုးတို့အသုံးများသောအပင်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ပေါက်ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဟုသိရသည်။ ဝါးကို ရှေးယခင်ကတည်းက ယနေ့အချိန်အထိ အသုံးပြုနေကြဆဲဖြစ်သည်။ ဝါးကို လူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ်လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများအဖြစ်လည်းကောင်း၊ ဝါးလက်မှုထုတ်ကုန်များအဖြစ်လည်းကောင်း ပြုလုပ်အသုံးပြုနေကြသည်။ ကမ္ဘာပေါ်တွင် ဝါးပင်သည် အရေးပါသောအပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ဝါးပင်သည် အဓိကစိုက်ပျိုးသင့်သော အပင်တစ်မျိုးပင်ဖြစ်သည်။



ဝါးမျိုးစိတ်နှင့်ဝါးပင်၏သဘာဝ

ဝါးကို မြန်မာအဘိဓာန်တွင် **အမြစ်ဆုံမှ အပင်များပွား၍ တစ်စုတည်းပေါက်တတ်ပြီး ပင်စည်ကိုစိတ်ဖြာ၍ ထရံ၊ တောင်းစသည့် ရက်လုပ်ရသောအပင်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။** ဝါးသည် မြက်မျိုးရင်းဝင်ဖြစ်သည်။ မြက်အမျိုးပေါင်း ၄၂၀ ရှိသည့်အနက် ၈၆ မျိုးသည် ဝါးမျိုးများဖြစ်ကြောင်းသိရသည်။ မျိုးစဉ်မှာ Poales ဖြစ်ပြီး မျိုးရင်းမှာ Poaceae ဖြစ်သည်။ အင်္ဂလိပ်အမည်အားဖြင့် Bamboo ဖြစ်သည်။ ရုက္ခဗေဒအမည်မှာ Bambusa Vulgaris/ Phyllostachys edulis ဖြစ်သည်။ ကမ္ဘာပေါ်တွင် ဝါးမျိုးစိတ် ၁၂၅၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ် ၁၀၀ ကျော်ခန့် အလေ့ကျပေါက်ရောက်ရှင်သန်ကြသည်။ ထိုမျိုးစိတ်များအနက်မှ မြန်မာနိုင်ငံတွင် ဝါးမျိုး ၂၀ မျိုးပေါက်ရောက်ရှင်သန်ကြသည်။ ဝါးပေါက်ရောက်ပုံသဘာဝကိုအကြမ်းအားဖြင့်သုံးမျိုးခွဲခြားနိုင်သည်။ (၁) တစ်ပင်ချပေါက်ရောက်လေ့ရှိသောဝါး၊ (၂) အစုလိုက် သို့မဟုတ် အုပ်စုလိုက်ပေါက်လေ့ရှိသောဝါး၊ (၃) အထက်ပါအုပ်စုနှစ်စုရောရှိပေါက်သောဝါး (စကဝါး) တို့ဖြစ်သည်။ ဝါးပင်သည် စုစုရုံးရုံးပေါက်ရောက်လေ့ရှိသည့် သဘာဝကြောင့် စည်းရုံးခြင်းသဘောကိုဆောင်သည်။ ဝါးပင်သည် အတ္တကင်းသော သဘောသဘာဝလည်းရှိပေသည်။ အကြောင်းမှာ ဝါးပင်ပေါက်ရောက်သော ပတ်ဝန်းကျင်တွင် အခြားသောအပင်များကိုလည်း ရှင်သန်ပေါက်ရောက်ခွင့်ပေးသည်။ ဝါးပင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ၂၆၀၀ အကြားတွင် အများဆုံးရှင်သန်ပေါက်ရောက်ကြသည်။ ရာသီဥတုအနေဖြင့် အပူချိန် ၁၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်နှင့် တစ်နှစ်လျှင် မိုးရေချိန်အနေဖြင့် ၃၁ လက်မမှ ၂၅၄ လက်မအတွင်းဖြစ်ထွန်းပြီး ရေမဝပ်သောမြေမျိုးနှင့် ဆားငန်ရေဝင်သောမြေမှလွဲ၍ အခြားမြေမျိုးများတွင် ရှင်သန်ပေါက်ကြသည်။ ဝါးသည် စုစုရုံးရုံးပေါက်ရောက်ကြသဖြင့် အပင်ရှုပ်ပြီး အပင်ကျပ်သည့် သဘောရှိသည်။ ထို့ကြောင့် ဝါးခုတ်ရာတွင် မလွယ်ကူပေ။ ပင်စည်တစ်ဝက်ကျော်ကျော်မှစ၍ အတက်အရွက် ထွက်သည်။ အပင်အမြင့်ပေ ၈၀ မှ ၉၀ အထိရှိတတ်သည်။ အပင်လုံးပတ်မှာ ၉ လက်မခန့်မှ ၁ ပေအထိရှိတတ်သည်။ ထိုလုံးပတ်သည် ဝါးပိုးဝါးလိုဝါးမျိုးဖြစ်နိုင်သည်။ ဝါးပိုးဝါးသည် အလုံးကြီးသောကြောင့်ဖြစ်သည်။ ဝါးအဆစ်မှာ ၁၂ လက်မမှ လက်မ ၃၀ ခန့်အထိ ရှိတတ်ကြောင်း သိရသည်။ ဝါးပင်၏ အသားသည် အရင်းပိုင်းအသားထူပြီး အဖျားပိုင်းက အသားပါးသည်။ ဝါးပင်သည် တစ်နေ့ ၁ မီတာအထိ ရှည်သည်ဟု သိရသည်။

ဝါးအမည်များ

အထက်ဖော်ပြပါဝါးမျိုးစိတ်များအနက် ဝါးအမျိုးအမည်များကို ဖော်ပြပါမည်။ ယင်းတို့မှာ-ဝါးပိုး၊ ဝါးပိုးမျက်ဆန်ကျယ်၊ မြင်ဝါး၊ ဝါးယား သို့မဟုတ် ဝါးနက်၊ ဝါးဖြူ၊ ကြလို့ဝါး၊ တင်းဝါး၊ ခရင်ဝါး၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ သိုက်ဝါးကြီး၊ ထီးရိုးဝါး၊ တစ်ပင်တိုင်ဝါး၊ ဝါးကောက်၊ ခြောက်သွေ့နေချိန်တွင် စုပ်ယူထားသော အစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ရေမှုန်လေးများကိုထုတ်ပေးကြောင်းလည်းသိရသည်။ ဝါး ၂ ဒသမ ၄၇၁ ဧကရှိသော ဝါးစိုက်ခင်းတစ်ခင်းသည် လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကာဗွန် ၆၂ တန်အထိ နှစ်စဉ်စုပ်ယူပေးနိုင်သည်။ မည်သို့ပင်ဆိုစေ ဝါးပင်သည်ပတ်ဝန်းကျင်ကို အကျိုးပြုသည်ကတော့ အမှန်ဖြစ်သည်။ အခြားသော အပင် ၂ ဒသမ ၄၇၁ ဧကသည် နှစ်စဉ်ကာဗွန် ၁၅ တန်ခန့်သာ စုပ်ယူနိုင်သည်။ ဤကား ဝါးပင်နှင့်အခြားအပင်တို့၏ ကွာခြားချက်ဖြစ်သည်။ ထို့ပြင် ဝါးပင်၏ အမြစ်ဖွဲ့စည်းမှုသည် အခြားအပင်များနှင့်မတူ အမြစ်ကျစ်လျစ်သည်။ ထို့ကြောင့် မြေဆီလွှာကို ရေတိုက်စားမှုမှ ကာကွယ်ပေးသည်။ ဝါးပင်သည် အစိုဓာတ်ကိုထုတ်လွှတ်ပေးသလို ရာသီဥတုပူနွေးမှုကိုလည်းလျှော့ချပေးနိုင်သည်။ အကြောင်းမှာ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူထားသော အစိုဓာတ်ကို ပြန်လည်ထုတ်လွှတ်ပေးသည်။ ရေမှုန်လေးများကိုထုတ်ပေးသည်။ ဝါး ၂ ဒသမ ၄၇၁ ဧကရှိသော ဝါးစိုက်ခင်းတစ်ခင်းသည် လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကာဗွန် ၆၂ တန်အထိ နှစ်စဉ်စုပ်ယူပေးနိုင်သည်။ မည်သို့ပင်ဆိုစေ ဝါးပင်သည်ပတ်ဝန်းကျင်ကို အကျိုးပြုသည်ကတော့ အမှန်ဖြစ်သည်။ အခြားသော အပင် ၂ ဒသမ ၄၇၁ ဧကသည် နှစ်စဉ်ကာဗွန် ၁၅ တန်ခန့်သာ စုပ်ယူနိုင်သည်။ ဤကား ဝါးပင်နှင့်အခြားအပင်တို့၏ ကွာခြားချက်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်နှင့်ဝါးပင်

ဝါးပင်သည် သဘာဝပတ်ဝန်းကျင်ကိုများစွာ အကျိုးပြုသည်။ လေထုကိုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး သက်ရှိတို့အတွက် အောက်ဆီဂျင်ကိုပြန်လည်ထုတ်လွှတ်ပေးသည်။ ပတ်ဝန်းကျင် အစိုဓာတ်ရှိနေချိန်တွင် ထိုအစိုဓာတ်ကိုစုပ်ယူထားပြီး ပတ်ဝန်းကျင်

အောက်ဆိုက်စုပ်ယူမှုများသောကြောင့်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးသည့် ဝါးပင်ကို တိုးချဲ့စိုက်ပျိုးသင့်သလို ထိန်းသိမ်းပေးသင့်သည်။ ထိုကဲ့သို့ အရေးပါသောဝါးပင်ကို လေးစားပြီး ဂရုပြုသည့်အနေဖြင့် နှစ်စဉ် စက်တင်ဘာလ ၁၈ ရက်နေ့ကို "ကမ္ဘာ့ဝါးပင်များနေ့"အဖြစ် သတ်မှတ်ထားကြသည်။ ထို့ပြင် ဝါးပင်သည် ဂေဟဗေဒစနစ်ဖြင့် ကိုက်ညီသည့်အချက်များရှိသည်။ လျင်မြန်စွာကြီးထွားခြင်း၊ ထွက်ရှိနှုန်းများခြင်း၊ ဝါးနှင့်ပတ်သက်သော အသက်မွေးမှုရှိခြင်း၊ မြေဆီလွှာကိုကာကွယ်ပေးခြင်း၊ လေထုကို သန့်စင်ပေးခြင်း စသည်တို့ဖြစ်သည်။

စီးပွားဖြစ်စိုက်ပျိုးသင့်သော မြန်မာတို့၏ဝါး

ဝါးကို ယခုအခါ စနစ်တကျစိုက်ပျိုးလာကြသည်။ ဝါးစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းနှင့် အစေ့မှလည်း မျိုးပွားယူကြသည်ဟုသိရသည်။ **စာမျက်နှာ ၁၃ သို့ ➡**









➡ စာမျက်နှာ ၁၂ မှအဆက်

စီးပွားဖြစ်ဝါးစိုက်ပျိုးမည်ဆိုပါက ဝါးပင်ကြိုက်နှစ်သက်သော မြေ၊ ရာသီဥတု အပြင် သင့်လျော်သော ဝါးမျိုးစိတ်ကို ရွေးချယ်စိုက်ပျိုးဖို့လည်း လိုသည်။ ဝါးစိုက်ပျိုးမည့်မြေကို ရွေးချယ်မည်ဆိုပါက ဝါးစိုက်မြေကို လမ်းပန်းဆက်သွယ်ရေးကောင်းသည့်မြေနေရာများကို ရွေးချယ်ဖို့လိုသည်။ ဝါးထုတ်ကုန်များ ထုတ်လုပ်သည့်နေရာနှင့်နီးသော နေရာများကိုလည်း ရွေးချယ်စိုက်ပျိုးသင့်သည်။ ထိုအခါ သယ်ယူစရိတ် သက်သာမည်ဖြစ်သည်။ ဝါးကို အများအားဖြင့်တော့ အမြစ်ဆုံမှများပွားစိုက်ပျိုးနည်းနှင့် အဆစ်မှများပွားစိုက်ပျိုးနည်း ဟူ၍ နှစ်မျိုးရှိသည်။ စာရေးသူတို့ဒေသဘက်မှာတော့ အဆစ်မှများပွားစိုက်ပျိုးလေ့ရှိကြသည်။ ဝါးကို စီးပွားဖြစ်သီးသန့် စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၁၀ ပေခြားစိုက်ပျိုးရသည်။ ဝါးပင်သည် တဖြည်းဖြည်းအုံလိုက်ကျင်းလိုက်ပြန့်ပွားလာသောကြောင့်ဖြစ်သည်။ မြင်ဝါးဆိုလျှင် ဝါးတစ်ရုံတွင် အပင်ခြောက်ပင်ခန့်သာထားရမည်။ အစ့ေကိုပျိုးစိုက်မည်ဆိုပါက ခုနစ်နှစ်ခန့်ကြာသည်ဟုသိရသည်။ ဝါးပင်သည် အလေ့ကျ ပေါက်ရောက်မှုရှိသလို စနစ်တကျစီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

ကမ္ဘာ့ဝါးယဉ်ကျေးမှု

ဝါးသည် ကမ္ဘာသုံးအပင်ဖြစ်သည်။ ယဉ်ကျေးမှုနှင့်ဝါးသည် ဆက်စပ်မှုရှိသည်။ လူတို့သည်ရှေးက သားစိမ်းငါးစိမ်းများကိုသာစားခဲ့ကြသည်။ ထို့နောက် ဝါးပင်အချင်းချင်း ပွတ်တိုက်ရာမှစ၍ မီးကိုတွေ့ရှိခဲ့ပြီးနောက် သားစိမ်းငါးစိမ်းများကို မီးဖုတ်၊ မီးကင်၍ စားသုံးသည့် ယဉ်ကျေးမှု ပေါ်ပေါက်လာခဲ့သည်။ ဤကား ဝါးကိုအခြေခံ၍ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင် ဝါးယဉ်ကျေးမှု ထွန်းကားခဲ့ကြသည်။ ဂျပန်နိုင်ငံ၏ အဓိကရိုးရာပွဲတစ်ခုတွင် ဝါးသည် မြန်မာလူမျိုးတို့၏ကန်တော့ပွဲကဲ့သို့ အရေးပါကြောင်းသိရသည်။ တရုတ်နိုင်ငံတွင် ဝါးကို ရှေးနှစ်ပေါင်း ၅၀၀၀ ခန့်လောက်ကတည်းက အသုံးပြုခဲ့ကြောင်းသိရသည်။ မြန်မာစာပေများမှာလည်း ဝါးပင်မှာ သန္ဓေတည်၍ ဖြစ်လာသော “ဝေဠုဝန်မင်းသမီး” ဟူ၍လည်းရှိခဲ့သည်။ ဝါးမှရရှိသော ဝါးအမြုတေဟုလည်း ရှိကြောင်း မှတ်သားရဖူးသည်။ တရုတ်လူမျိုးတို့သည် ဝါးကိုအသုံးများသည်။ စာပေများ ရေးသားရာတွင် ဝါးစုတ်တံကို အသုံးပြုကြသလို တရုတ်နိုင်ငံ၏ ပထမဆုံးစာအုပ်ကို ဝါးပြားပေါ်တွင် ရေးသားကြောင်း သိရသည်။ ဝါးသည် စာပေနှင့်သာ ဆက်စပ်နေသည်မဟုတ်ပေ။ ဂီတနှင့်လည်းဆက်စပ်နေသည်။ ဝါးဖြင့် ပြုလုပ်သောတူရိယာများလည်းရှိသည်။ ဝါးပလွေ၊ ဝါးလက်ခုပ်၊ ဝါးပတ္တလား စသည်တို့သည် ဝါးနှင့် အနုပညာတူရိယာကို ပေါင်းစည်းထားခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးနှင့်ဝါးထုတ်ကုန်

ဝါးရုံတစ်ရုံတွင် ဝါးအလုံးရေ ၄၀-၅၀ ခန့်ရှိကြသည်။ ဤကား ခန့်မှန်းခြေသာဖြစ်သည်။ ထိုဝါးရုံမှ ဝါးများအနက် ရောင်းတန်းဝင်ဝါး ငါးလုံး ၁၀ လုံးခန့် ခုတ်ယူနိုင်သည်။ ဝါးတစ်ဧကတွင် ဝါးရုံ ၄၂၀ ခန့်ဝင်ဆံ့သည်။ ဝါးရုံတစ်ရုံတွင် ပျမ်းမျှဝါး ငါးလုံးခန့်ခုတ်ယူနိုင်လျှင် ဝါးရုံ ၄၂၀ အတွက် ဝါးအလုံးရေ ၂၁၀၀ ခန့်ရမည်ဖြစ်သည်။

ထိုဝါးများကို လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရောင်းချကြသည်။ ဝါးလက်မှုပစ္စည်းများ အဖြစ်လည်း ထုတ်လုပ်ရောင်းချကြသည်။ ဝါးလက်မှုပစ္စည်းများကို အနည်းငယ်ဖော်ပြပါမည်။ ယင်းတို့မှာ- ဝါးခမောက်၊ ဝါးပလွေ၊ ဝါးပတ္တလား၊ ဝါးလက်ခုပ်၊ စပါးထည့်သည့် ဝါးပုတ်၊ ငါးဖမ်းရာတွင်အသုံးပြုသည့် ယင်း၊ ဝါးမြှုံးအမျိုးမျိုး၊ ဆန်ကော၊ ဆန်ခါ၊ ပုသိမ်ထီး၊ နှီးကြော်ဖျာ၊ မြန်မာ့ယွန်းထည်နှင့်ဝါးကုလားထိုင်အမျိုးမျိုးတို့ဖြစ်သည်။ စာရေးသူတို့ဘက်တွင် ဝါးကုလားထိုင်များ ပြုလုပ်ရောင်းချကြသူများရှိသည်။ ဝါးထရံရက်လုပ်ရောင်းချကြသူများလည်းရှိသည်။ ဝါးပုတ်ပြုလုပ်သူများလည်းရှိသည်။ ဝါးထရံရက်လုပ်ခြင်းနှင့်ဝါးပုတ်ပြုလုပ်ခြင်း၊ ဝါးကုလားထိုင်ပြုလုပ်ခြင်းသည် ထိုသူတို့၏စီးပွားရေးလုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည်။ ယခင်ကတည်းက ယနေ့အထိပြုလုပ်နေကြဆဲ ဝါးဖြင့်စီးပွားရှာသည့် လက်မှုဝါးစီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။ မြန်မာ့ပုသိမ်ထီးနှင့် မြန်မာ့ယွန်းထည်ဆိုလျှင် ကမ္ဘာသိ မြန်မာ့ဝါးလက်မှုအနုပညာယဉ်ကျေးမှုပင်ဖြစ်သည်။ ဝါးပင်သည် ကုန်ကြမ်းသာဖြစ်သည်။ အဆိုပါဝါးကို လက်မှုပစ္စည်းများဖြစ်သည့် ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန်လိုအပ်သည်။ မြန်မာ့ယွန်းထည်နှင့် မြန်မာ့ရိုးရာပုသိမ်ထီးဆိုလျှင် ကမ္ဘာသိ ဝါးလက်မှုကုန်ချောပစ္စည်းဖြစ်သည်။ ထိုကဲ့သို့ဝါးလက်မှုအခြေခံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်ကလည်း အားပေးလျက်ရှိသည်။ ဝါးလက်မှုထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်လာပါက လူမှုစီးပွားရေးလည်း တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ဝါးအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းအနှီးများထုတ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိသည်။ ဒေသအသီးသီးမှာလည်း MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် ယခုအခါ စိုက်ပျိုးရေးတောင်သူများအနေဖြင့် မြေကြီးက ရွေသီးဟုဆိုရမည့်အချိန်ပင်ဖြစ်သည်။ အဆိုပါစိုက်ပျိုးရေးလုပ်ငန်းအသီးသီးတွင် ဝါးစိုက်ပျိုးရေးသည်လည်း ပါဝင်သည်။ **ဝါးသည် ယဉ်ကျေးမှုအရလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်အရလည်းကောင်း၊ MSME အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအရလည်းကောင်း ဘက်စုံအသုံးဝင်သော အပင်ဖြစ်သည်။** ထို့ကြောင့် ဘက်စုံအသုံးဝင်သည့်ဝါးပင်ကို စိုက်ပျိုးသင့်သလို အစဉ်ထိန်းသိမ်းသင့်ပါကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းအောင်ပွဲ ခမ်းနားစွာဆင်ယင်ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ



ပဲခူး စက်တင်ဘာ ၂၄

ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဂေါပကရုံးခန်း၌ ယနေ့နံနက်ပိုင်းတွင် ရွှေဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းအောင်ပွဲကို ခမ်းနားစွာဆင်ယင်ကျင်းပနိုင်ရေးဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရွေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရွေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးသည် ဥဇ္ဈာတော်အမြင့် ၁၁၄ မီတာ (၃၇၄ ပေ)ရှိပြီး မြန်မာနိုင်ငံတွင် ဥဇ္ဈာတော်အမြင့်ဆုံး စေတီတော်တစ်ဆူဖြစ်သည့်အတွက် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအောင်ပွဲအား ခမ်းနားစွာဆင်ယင်ကျင်းပနိုင်ရေး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ယင်းလှူဒါန်းမှု အစုစုအတွက် ရေစက်ချအလှူတော်အောင်ပွဲကြီးကို ခမ်းနားစွာဆင်ယင်ကျင်းပနိုင်ရေး ဘက်ပေါင်းစုံ ကဏ္ဍပေါင်းစုံမှ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းအောင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီအလိုက် တာဝန်ရှိသူများက ကြုံတင်ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြခဲ့ကြရာအစိုးရအဖွဲ့ဝင် ဝန်ကြီးများက လိုအပ်သည်များ သုံးသပ်အကဲဖြတ်ပြုတင်ပြကြောင်း သိရသည်။

ဥသဘတိုင်းသား



သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

လားရှိုး စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မြို့နယ်မီးသတ်ဦးစီးဌာနသည် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ကို စက်တင်ဘာလ ၂၃ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းသစ်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လားရှိုးမြို့ အောင်မေတ္တာရပ်ကွက်ရှိ အမှတ် (၅)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာများ၊ အသိပညာများစိမ့်ဝင်ပျံနှံ့စေရန် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

သဲကုန်းမြို့နယ်၌ ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း(၁၅)မျိုးစေ့ပေးအပ်ပွဲကျင်းပ

သဲကုန်း စက်တင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် ဒေသခံတောင်သူများအား ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း(၁၅)မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၄ ရက်နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရွေးဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက မိုးစပါးအပြီး ကြားသီးနှံအဖြစ် စိုက်ပျိုးရန် (သီးထပ်စွမ်းအားမြှင့်တင်ရန်)၊ ပြည်ပမှ စားသုံးဆီတင်သွင်းရမှုကို လျှော့ချနိုင်ရန်နှင့် မိမိတို့မြို့နယ်၊ ဒေသအတွင်း စားသုံးဆီလုံလောက်စွာ ထုတ်လုပ်နိုင်စေရန်အတွက် ရည်ရွယ်၍ ဆီထွက်သီးနှံနှမ်း၊ မြေပဲနှင့် နေကြာစိုက်ပျိုးခြင်းအပြင် ပဲပုပ်ရေဆင်း(၁၅)မျိုးကို ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးကြရန်နှင့် ပဲပုပ်ရေဆင်း(၁၅)မျိုးစိုက်ပျိုးရခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများက ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း(၁၅)မျိုးစေ့များအား တောင်သူများလက်ဝယ်အရောက်ပေးအပ်ကြသည်။

အဆိုပါပေးအပ်ပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ကိုကျော်(သဲကုန်း)

❐ ကျောပုံးမှအဆက်

တတိယအကြိမ် အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေးဒုတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက်ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်ကျော်လင်း (ခ) ဦးထိန်လင်း၏ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ဖားအောက်ကျေးရွာအုပ်စု၊ ဖားအောက်တိုက်နယ်ဆေးရုံတွင် ဓာတ်မှန်ရိုက်စက် (X-Ray Machine)(၁)လုံး တပ်ဆင်ပေးရန်နှင့် ဓာတ်မှန်ရိုက်ခန်းတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တပ်ဆင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဖားအောက်တိုက်နယ်ဆေးရုံသို့ လာရောက်ပြသသောလူနာများအနက် ဓာတ်မှန်ရိုက်ရန် လိုအပ်ပါက (၉)မိုင်ခန့် ကွာဝေးသော မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ညွှန်ပို့စစ်ဆေးဆောင်ရွက်နေရသည့်အတွက် ဖားအောက်တိုက်နယ်ဆေးရုံရှိ သင့်လျော်သည့် အခန်းတစ်ခန်း အလျား(၁၉) ပေ၊ အနံ(၁၃)ပေ၊ အမြင့်(၁၁)ပေအား ဓာတ်မှန်ခန်းအဖြစ် အသုံးပြုနိုင်ရန် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး 100MA Digital X-Ray Machine (၁)လုံးအား ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၂၁) ဒေါ်မာလာဆန်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်တွင် မြင်းကျဒိုး တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းရပ်ဆိုင်းနေခြင်းအား ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက အဆိုပါအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ၃၃ ရာခိုင်နှုန်း ပြီးစီးမှုအတွက် ရန်ပုံငွေကျပ်သန်း (၂၅၀)ပေးချေခဲ့ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်ကာလမှစ၍ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ "ဆောက်လုပ်ရေးပစ္စည်း ဈေးနှုန်းများ အဆမတန်ကွာဟလာမှုကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိပါသဖြင့်" လုပ်ငန်းပြန်လည်အပ်နှံခဲ့ပါသောကြောင့်မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းနှင့် ပေးချေသည့်ရန်ပုံငွေကိုကံညီမှု ရှိ/မရှိစစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်ရှိသော လုပ်ငန်းအစိတ်အပိုင်းများအား အပြီးသတ်ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ ညှိနှိုင်းပေးပို့ခဲ့ခြင်းအပေါ် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ "အဆိုပါလုပ်ငန်းသည် နယ်မြေအခြေအနေအရ ဆောင်ရွက်ရန် အခက်အခဲရှိပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း" ပြန်ကြားချက်အရ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၆ သန်းအား နိုင်ငံတော်သို့ပြန်လည်အပ်နှံခဲ့ရခြင်းဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းအား အပြီးသတ်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆–၂၀၂၈ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့နှင့်ညှိနှိုင်း၍ လုပ်ငန်းပြီးစီးရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေထပ်မံလိုအပ်ချက်ရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင်နေပြည်တော်ဥက္ကာသီရိကုမ္ပဏီမှ Oxygen Plant အောက်ဆီဂျင်ထုတ်လုပ်သောစက်တစ်လုံးဌာနပိုင်ဝယ်ယူတပ်ဆင်ခဲ့ရာအောက်ဆီဂျင်စက်ကို (၃)နှစ်ကျော် အသုံးပြုခဲ့ပြီး စက်ချွတ်ယွင်းမှုကြောင့် ရပ်နားထားသည်မှာ (၂)နှစ်ခန့်ကြာမြင့်နေပြီဖြစ်သည့်အတွက် ခန္ဓီး ပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင်လိုအပ်သည့် လူနာများအတွက် အခက်အခဲများစွာကြုံတွေ့နေရပါသဖြင့် ချွတ်ယွင်းနေသော အောက်ဆီဂျင်စက်အား အမြန်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးမြို့ ပြည်သူ့ဆေးရုံတွင် ယခုတင်ပြသည့် Oxygen Plant နှင့် မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant (၁)လုံးအပါအဝင် Oxygen Plant (၂)လုံးရှိပါကြောင်း၊ မြို့မိမြို့ဖများမှ လှူဒါန်းထားသော Oxygen Plant (OYS-50)အား ကောင်းစွာအသုံးပြုလျက်ရှိပြီး တစ်နေ့လျှင် Oxygen ဓာတ်ငွေ့လီတာ(၄၀)ဆလင်ဒါအိုး (၁၆)လုံးခန့် ထုတ်လုပ်ပေးနိုင်ပါကြောင်း၊ ပြုပြင်ရန်လိုအပ်နေသော Oxygen Plant (Oxymat, O-280)နှင့် ပတ်သက်၍ ဥက္ကာသီရိကုမ္ပဏီ၏ တင်ပြချက်အရ Preventive Maintenance Kit များလဲလှယ်ခြင်း၊ Air Compressor များစစ်ဆေး၍လိုအပ်ပါက လဲလှယ်ခြင်း၊ Air Dryer များစစ်ဆေး၍ လိုအပ်ပါက လဲလှယ်ခြင်း၊ Pressure Swing Absorption Zeolite bed စစ်ဆေးလဲလှယ်ခြင်း၊ Oxygen booster စစ်ဆေးလဲလှယ်ခြင်းတို့ပြုလုပ်ရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဈေးနှုန်းတင်သွင်းလွှာများခေါ်ယူ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင်ပထမအကြိမ်အစိုးရလက်ထက်က ခန့်ထားပေးခဲ့သော မျက်စိလင်္ကာ ဆရာဝန်အား တွဲဖက်ပြန်လည်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ၊ ပြန်လည်ခန့်ထားပေးမည်ဆိုပါကလည်း မည်သည့်အချိန်တွင် စေလွှတ်ပေးမည်နှင့် ပြန်လည်ခန့်ထားခြင်းမရှိပါက မည်သည့်အတွက်ကြောင့် မခန့်ထားနိုင်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအုပ်(၁)ဦး၊ အထူးကုဆရာဝန်များအနေဖြင့် အထူးကုဆရာဝန် (အရိုး/ ခွဲစိတ်/ မွေ့ဆေး/ ဓာတ်မှန်) နှင့် သွားနှင့် ခံတွင်းဆရာဝန်များအား ခန့်အပ်ထားပြီးမျက်စိအထူးကုအားခန့်ထားခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)ဒေါ်ယဉ်မင်းထိုက်၏ **မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်ရှိ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအား ခရိုင်အဂိုရပ်နှင့် ညီညွတ်သည့် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် သို့ အဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသည် ခုတင်(၁၀၀)ဆံ့ သထုံမြို့၊ ပြည်သူ့ဆေးရုံနှင့်လည်းကောင်း၊ ခုတင် (၅၀၀) ဆံ့ ပဲခူးမြို့၊ ပြည်သူ့ဆေးရုံကြီးနှင့်လည်းကောင်း မော်တော်ယာဉ်ဖြင့် (၁)နာရီခန့်သာ သွားရပါကြောင်း။

ကျိုက်ထိုမြို့၊ ပြည်သူ့ဆေးရုံသည် (၃)နှစ်စာအနေဖြင့် တစ်ရက် ပျမ်းမျှအတွင်း လူနာဦးရေ (၃၃) ဦးရှိပြီး လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်း ပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံသို့တိုးမြှင့်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကောင်းဘို့ကျေးရွာအုပ်စု၊ ကောင်းဘို့ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံအားလာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကောင်းဘို့တိုက်နယ်ဆေးရုံအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ကောင်းဘို့တိုက်နယ်ဆေးရုံ တည်ဆောက်ရန်အတွက် အလှူရှင်များမှ ကွင်းအမှတ်(၄)၊ ကောင်းဘို့မြောက် ဦးပိုင်အမှတ် (၇၂/၁၁၈) မြေဧရိယာ ၃ ဒသမ ၁၃ ဧကအား လှူဒါန်းခဲ့သော်လည်း ၎င်းမြေဧရိယာအနက် ၂ ဒသမ ၇၂ ဧကသည်ယာမြေဖြစ်ပြီး သုည ဒသမ ၄၁ ဧကသည်လယ်မြေဖြစ်နေသောကြောင့် လယ်မြေ၊ ယာမြေမှ အခြားနည်းသုံးစွဲခွင့်ရရှိရေးအတွက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီသို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် တင်ပြထားပြီးဖြစ်ပါကြောင်း၊ လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရရှိပါက ရပ်စောက်မြို့နယ်၊ ကောင်းဘို့ တိုက်နယ်ဆေးရုံအဆောက်အအုံများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျာထားဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွတ်တော် ဥက္ကဋ္ဌက အမျိုးသားလွတ်တော်နှင့်ကမ္ဘောဒီးယား၊ ဗီယက်နမ် နှစ်နိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးရေး အသင်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၉ ရက် လွတ်တော်ရပ်နားထားစဉ်ကာလအတွင်း ဖွဲ့စည်းခဲ့ရာ **မြန်မာ–ကမ္ဘောဒီးယား လွတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း** တွင် ဥက္ကဋ္ဌအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဒေါက်တာကျော်ထွန်းနှင့်အတွင်းရေးမှူးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်သောင်းတို့အပါအဝင် အဖွဲ့ဝင် ၁၀ ဦး၊ **မြန်မာ–ဗီယက်နမ် လွတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း** တွင် ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် အမျိုးသားလွတ်တော် ကိုယ်စားလှယ်အမှတ်(၅) ဦးမျိုးမင်းနောင်နှင့် အတွင်းရေးမှူးအဖြစ် ကရင်ပြည်နယ်အမျိုးသားလွတ်တော်အမှတ်(၄) ဒေါ်မိမိကျော်ထွန်းတို့ အပါအဝင်အဖွဲ့ဝင် ၁၀ ဦးတို့၏ အမည်စာရင်းများကို လွတ်တော်၏ အတည်ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ် လွတ်တော် ချစ်ကြည်ရင်းနှီးရေးအသင်းများဖွဲ့စည်းခြင်းနှင့် အသင်းများတွင်ပါဝင်သည့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်အမျိုးသားလွတ်တော် ဥက္ကဋ္ဌက အမျိုးသားလွတ်တော် ဥပဒေကြမ်းကော်မတီတွင်အဖွဲ့ဝင် ဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းအား လည်းကောင်း၊ အမျိုးသားလွတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ဝင်းကိုကို **အစား** ဗိုလ်မှူးချုပ်ခင်မောင်စိုးအား လည်းကောင်း၊ အမျိုးသားလွတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းအားလည်းကောင်း၊ အမျိုးသားလွတ်တော်အစိုးရမဟုတ်သောပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီတို့တွင်အဖွဲ့ဝင် ဗိုလ်မှူးကျော်ဇင်ဝင်း **အစား** ဗိုလ်မှူးနိုင်ဝင်းအားလည်းကောင်း၊ အမျိုးသားလွတ်တော် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးဇေယျာဝင်း **အစား** ဗိုလ်မှူးဇော်မင်းသိန်းအားလည်းကောင်း၊ မြန်မာ–ကာဇက်စတန် လွတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းတွင် အတွင်းရေးမှူးဗိုလ်မှူးတင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း၊ မြန်မာ–အိန္ဒိယလွတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းတွင် အဖွဲ့ဝင် ဗိုလ်မှူး တင့်လွင်အေး **အစား** ဗိုလ်မှူးဇင်ကိုဝင်းကိုလည်းကောင်း၊ မြန်မာ–ကမ္ဘောဒီးယား လွတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းတွင်အတွင်းရေးမှူးဗိုလ်မှူးချုပ်မြင့်သောင်း **အစား** ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်းအားလည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွတ်တော်တတိယပုံမှန်အစည်းအဝေးဒုတိယနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး တတိယနေ့ကို စက်တင်ဘာလ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

■ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရမှ

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းတစ်ခုလုံး၏ ၉၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးသွားပါက ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၃၈၃၈ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသထွက်ကုန်သီးနှံများရောင်းဝယ်ဖောက်ကားသယ်ယူပို့ဆောင်ရာတွင် ယခင်ကထက် ပိုမိုချောမွေ့လွယ်ကူလာမည်ဖြစ်သဖြင့် ဒေသတွင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုလျက်ရှိကြောင်းသိရသည်။

မြဝတီ

❍ FIFA မှ

မြန်မာအသင်းအတွက် ဦးဆောင်ဂိုးကိုပထမပိုင်းပွဲချိန် ၁၉ မိနစ်တွင် တိုက်စစ်မှူး ဝင်းနိုင်ထွန်းက သွင်းယူပေးခဲ့ပြီး ဒုတိယအနိုင်ဂိုးကို ပွဲချိန် ၇၅ မိနစ်တွင် သန်းပိုင်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် စက်တင်ဘာလ ၂၇ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အနိုင်ရရှိပါက ဗိုလ်လုပွဲသို့တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ထို့ပြင် ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် Division 2 အုပ်စု (A) ပွဲစဉ်တွင် လာအိုအသင်းက ဘရူနိုင်းအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

FIFA Asean Cup 2026 ပြိုင်ပွဲ Division 2 အုပ်စု (A) တွင် အိမ်ရှင် ဟောင်ကောင်၊ လာအို၊ ဘရူနိုင်း၊ အုပ်စု(B)တွင်မြန်မာ၊ကမ္ဘောဒီးယားနှင့် တီမောအသင်းတို့ ကျရောက်လျက်ရှိကြောင်းသိရသည်။

နေမျိုး၊ ဓာတ်ပုံ–AFF

မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ(MNTJP/ MNDAA)တို့ တွေ့ဆုံဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့်နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့်ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက် အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရအမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP/ MNDAA) တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNTJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို၊ အထွေထွေအတွင်းရေးမှူး(၂)၊ ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်၊ MNTJP ပေါလစ်ဗျူရိုနှင့်နိုင်ငံရေးဌာန ဌာနမှူး ဦးကျင်းနှင်း၊ ဗဟိုကော်မတီဝင်၊ MNDAA စစ်ဦးစီးဌာန ဒုတိယစစ်ဦးစီးမှူး ဦးလီရှိကြ၊ ဗဟိုကော်မတီဝင်၊ MNDAA နိုင်ငံရေးဌာန ဒုတိယဌာနမှူး ဦးချားတတ်အန်း၊ ဗဟိုကော်မတီဝင်၊ အထူးဒေသအရာရှိညွတ်ထန်းကျောင်း ဒုတိယကျောင်းအုပ် ဦးလီဖျင်ယုံ၊ ဆက်ဆံရေးဌာန ဒုတိယဌာနမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး ဦးလီကြားခွမ်း၊ တပ်မဟာ(ဖဒ၁) ဒုတိယနိုင်ငံရေးမှူးနှင့်ပစ်ခတ်ရပ်စဲမှုစောင့်ကြည့်ရေးအဖွဲ့ရုံးတာဝန်ခံ ဦးရွှေခိုင်၊ ဗဟိုကော်မတီရုံးအဖွဲ့ဝင် ဦးရန်နိုင်၊ MNDAA နိုင်ငံရေးဌာန စည်းရုံးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကွားရွှင်၊ ဆက်ဆံရေးဌာနရုံးအဖွဲ့ဝင် ဒေါ်ရဲလွဲရှင်း၊ နိုင်ငံရေးဌာနရုံးအဖွဲ့ဝင် ဦးလီဝင်လုံတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီးနောက်ပိုင်းယနေ့ MNDAA နှင့် တွေ့ဆုံမှုသည် နေပြည်တော်၌ ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသ အထူးဒေသ(၁) ကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် သတ်မှတ်ခဲ့ပြီး အပြန်အလှန် ယုံကြည်မှုများရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်မှစ၍ ပဋိပက္ခများဖြစ်ပွားလာပြီး နောက်ပိုင်းတွင် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းမည်ဆိုသည့် ဆန္ဒများဖြစ်လာကြကြောင်း၊ နိုင်ငံရေးအရ ဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ပီပြင်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်ကြောင်း၊ ကိုးကန့်လူမျိုးများသည်မြန်မာနိုင်ငံ၏တိုင်းရင်းသားများဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပေးထားပြီးဖြစ်ကြောင်း၊ MNDAA၏ရေရှည်လိုလားချက်အား နိုင်ငံတော်အစိုးရအနေဖြင့် ဖြေရှင်းပေးနိုင်သည်များကိုရင်းနှီးပွင့်လင်းစွာဆွေးနွေးပြီး အပြန်အလှန်နားလည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ရေးအတွက် တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် မှီခိုမှုရှိရမည်ဖြစ်ကြောင်း၊ ဒေသမတည်ငြိမ်မှုကြောင့် ဒေသခံပြည်သူလူထုများ နစ်နာဆုံးရှုံးရကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်ရန်လိုပါကြောင်း၊ လတ်တလောတွင် ဆုံးဖြတ်ရန်ခက်သည်များရှိပါက နောင်လာမည့် ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေးပြီး ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်ပြီး ဖြေရှင်းနိုင်မည်နည်းလမ်းအား နှစ်ဖက်အဖြေရှာသွားရန်လိုကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် လိုလားချက်များအား ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင် နှစ်ဖက်အပြန်အလှန် ယုံကြည်မှုတည်ဆောက်ခြင်းဖြင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသောအမျိုးသားပါတီ (MNJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို၊ အထွေထွေအတွင်းရေးမှူး(၂)၊ ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က နေပြည်တော်သို့ ရောက်ရှိပြီး တွေ့ဆုံခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ NSPNC အနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေးဖော်ဆောင်ရန်နှင့် တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်စေရန်အတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်း၊ အားလုံးပါဝင်နိုင်သည့် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်မထားသည့်ပုံစံဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သော လမ်းကြောင်းအား အထူးကြိုဆိုကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းသာယာစွာနေထိုင်နိုင်ရေးအတွက်အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကာလကြာရှည် ပဋိပက္ခများကြောင့် ပြည်သူများအတိဒုက္ခရောက်ရကြောင်း၊ သမိုင်းကိုပြန်ကြည့်ပါက သဘောထားကွဲလွဲမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပေါက်ဖွားရန်မှာ လွယ်ကူပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဖော်ဆောင်နိုင်ရန် သက်ဆိုင်သူများအားလုံး၏သဘောထားကြီးမှသည် အရေးကြီးပါကြောင်း၊ လက်ရှိခက်ခဲစွာရရှိထားသောငြိမ်းချမ်းရေးနှင့်ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားထိန်းသိမ်းကာကွယ်ရန် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် အမြင်ကွဲလွဲမှုများကို ဖြေရှင်းကြရန်၊ အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်မြှင့်တင်ကြရန်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပြည်သူလူထုတစ်ရပ်လုံး၏ ဘုံရည်မှန်းချက်ဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူလူထုတစ်ရပ်လုံး အေးချမ်းသာယာစွာနေထိုင်နိုင်ရေးအတွက်အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကာလကြာရှည် ပဋိပက္ခများကြောင့် ပြည်သူများအတိဒုက္ခရောက်ရကြောင်း၊ သမိုင်းကိုပြန်ကြည့်ပါက သဘောထားကွဲလွဲမှုနှင့် လက်နက်ကိုင်ပဋိပက္ခများ ပေါက်ဖွားရန်မှာ လွယ်ကူပြီး ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို ဖော်ဆောင်နိုင်ရန် သက်ဆိုင်သူများအားလုံး၏သဘောထားကြီးမှသည် အရေးကြီးပါကြောင်း၊ လက်ရှိခက်ခဲစွာရရှိထားသောငြိမ်းချမ်းရေးနှင့်ဒေသတည်ငြိမ်အေးချမ်းရေးကို အလေးထားထိန်းသိမ်းကာကွယ်ရန် တွေ့ဆုံဆွေးနွေးသော နည်းလမ်းဖြင့် အမြင်ကွဲလွဲမှုများကို ဖြေရှင်းကြရန်၊ အပြန်အလှန်ယုံကြည်မှုများကို တည်ဆောက်မြှင့်တင်ကြရန်နှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်မည့်ကိစ္စရပ်များ၊ MNDAA ၏ နိုင်ငံရေးတရားဝင်မှုဖြစ်စေရေးနှင့် တိုင်းရင်းသားများတန်းတူညီမျှရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များပြန်လည်ဖွင့်လှစ်နိုင်ရေး၊ နယ်စပ်ဒေသကို ဖြတ်သန်းသည့် စီမံကိန်းများဖော်ဆောင်ရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြားအပြန်အလှန် ယုံကြည်မှု ခိုင်မာစေရေးနှင့် နိုင်ငံရေးပါတီတည်ထောင်ပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးကိစ္စတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် လာရောက်ထွေ့ဆုံဆွေးနွေးမှုဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များအား ဖော်ဆောင်နိုင်မည့်ကိစ္စ၊ ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအားလက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမှန်တရားနှင့် တရားမျှတသော အမျိုးသားပါတီ (MNTJP/ MNDAA)မှ MNTJP ပေါလစ်ဗျူရို၊ အထွေထွေအတွင်းရေးမှူး(၂)၊ ဆက်ဆံရေးဌာန ဌာနမှူး ဦးဖုန်ဝင်းနိုင်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

စက်တင်ဘာလ၏ မိုးရေချိန်စံချိန်သစ်

စဉ်	စခန်းအမည်	စံချိန်သစ် တင်သည့်ရက်စွဲ	မိုးရေချိန်စံချိန်သစ်		ယခင်စံချိန် ကျိုးခဲ့သည့် ရက်စွဲ	မိုးရေချိန်စံချိန်ဟောင်း		စခန်းဖွင့် သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း
			မီလီမီတာ	လက်မ		မီလီမီတာ	လက်မ	
၁	ကိုကိုးကျွန်း	၂၄-၉-၂၀၂၆	၃၆၅	၁၄.၃၇	၂၅-၉-၁၉၉၅	၂၅၃	၉.၉၆	၆၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၄

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြိုးမည်။

(မိုး/ဇလ)

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့်စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်မှုထမ်းဆဲနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဇရာဝတီရေတပ်စခန်း ဌာနချုပ်၌ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့်ကျောင်းသား။ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် (၆) ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ (၅) ဘာသာဂုဏ်ထူးရှင် ၆ ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် ၇ ဦး၊ (၃) ဘာသာဂုဏ်ထူးရှင် ၉ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ၉ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၂၀ ဦး တို့အား ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နှင့်သာစည်မြို့တို့ရှိ နယ်မြေခံတပ်ရင်းများ၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊



နယ်မြေခံတပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။



နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများတက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက်ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားများပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များပေါ်တွင်လိုက်ပါလာသည့် Senior Captain Xu Fang ဦးစီး၍ အရာရှိ၊ စစ်သည်များအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။

➤ ရှေ့ဖုံးမှအဆက်

ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Xu Fang ဦးစီး၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ) 48th PLA Navy Escort Task Group မှ အရာရှိ၊ စစ်သည်များ လိုက်ပါလာပြီး ခရီးစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/၈၆)

မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ကြေးငွေပေးအပ်


မော်လမြိုင် စက်တင်ဘာ ၂၄

၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်အတွက် မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ကြေးငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရာမည်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ဝင်းသန်းက အမှာစကား ပြောကြားပြီး လူငယ်ပရဟိတ ဂေဟာသုံးခု၊ အမျိုးသမီးဂေဟာ တစ်ခု၊ ဘိုးဘွားရိပ်သာလေးခု၊ မူလတန်းကြိုကျောင်း၈၄ ကျောင်း၊ လူငယ်ရိပ်သာတစ်ခုအတွက် ကိုယ်စားလှယ်လေးဦးတို့ကို ထောက်ပံ့ကြေးများ ပေးအပ်သည်။

ဆက်လက်၍ မွန်ပြည်နယ်မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်ရှိ ပြည်တော်သာပြည်သူ့အငှားအိမ်ရာလေးခန်းတွဲ၊ နှစ်ထပ်တိုက်၊ ၂၅ လုံး၊ အခန်း ၂၀၀ သည် ၁၉၅၇ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အဆောက်အအုံများသက်တမ်းမှာ နှစ်(၇၀) နီးပါးကြာမြင့်နေပြီဖြစ်၍ ၄ားရမ်းနေထိုင်သူများအနေဖြင့် ရေရှည်ဆက်လက်နေထိုင်ရန် သင့်လျော်မှုရှိ၊ မရှိနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ရုံးအောင်ဆန်းခန်းမ၌ကျင်းပသည့် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့်အဖွဲ့ဝင်များက လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ



မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အဘယာရာမဝရိယတ္တိစာသင်တိုက်တွင် သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECGစက်ဖြင့်နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောသံဃာတော်များအား နယ်မြေခံတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လျှုဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများကကြည့်ရှုစဉ်။

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၅ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင်ဩဂုတ်လ ၂၅ရက်နံနက်ပိုင်းမှစ၍ အလျား (၃၀၀)ပေ၊ အနံ (၄၅) ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့သည့် အိပ့်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန် အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင်အမှတ် (၁၂ / ၂) ၅၀၀ ပေ နှင့် (၁၂ /၃) ကြားတွင် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ယာယီပန်းတာ အလျား(၃၀၀) ပေပေါ်တွင် သဲအိတ်ဆင့်ခြင်းနှင့် ကမ်းရင်းတာခြေ တုတ်ရိုက်သဲဖြည့်ခြင်း၊ တာမိုင်အမှတ် (၁၁/ ၅)နှင့် (၁၁/ ၆)ကြားတွင် ယာယီပန်းတာတည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဝဝန်ပန်းတာရေဝင်ရောက်မှု ထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



နယ်မြေခံတပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်းများက ရေပြန်လည်ကျဆင်းသွားသည့်နေရာများတွင် သန့်ရှင်းရေး ဆောင်ရွက်ပေးစဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက်ညပိုင်းတွင်မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသံ်ဘတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့ထိရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါဝဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန် အတွက် နည်းပညာများအသုံးပြု၍ ဝဝန်ပန်းတာ ရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile များတောင့်တင်းခိုင်မာစေရန်အတွက် (Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်းလုပ်ငန်းများအား လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင်တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံအလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့



နေပြည်တော် စက်တင်ဘာ ၂၄

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် နိုင်ငံတော်၏အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သည့် အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးအတွက် လူမှုကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို လူမှုဖူလုံရေးဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လူမှုဖူလုံရေးစီမံကိန်းကို အကျုံးဝင်မြို့နယ် ၁၃၆ မြို့နယ်၌ အလုပ်ဌာန ၃၆၈၉၉ ဌာနမှ အာမခံအလုပ်သမား ၁ ဒသမ ၃၈ သန်း အကျုံးဝင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၏ ပြောကြားချက်အရ သိရသည်။

ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့၏ (၂/၂၀၂၆)ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အမှာစကားပြောကြားရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပနိုင်ငံရောက် မြန်မာ့ရွှေ့ပြောင်းအလုပ်သမားများ၏ လူမှုကာကွယ်စောင့်ရှောက်မှုများနှင့်စပ်လျဉ်းပြီး မလေးရှားနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (PERKESO) နှင့် MOC လက်မှတ်ရေးထိုး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ထိုင်းနိုင်ငံ လူမှုဖူလုံရေးအဖွဲ့ (Social Security Office–SSO) နှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာမခံအလုပ်သမားများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်နှင့် တစ်မျိုးသားလုံး အကျုံးဝင်သည့် စီမံကိန်းဖြစ်စေရန်အတွက် အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးသည့် လူမှုဖူလုံရေးစနစ်များနှင့် နှိုင်းယှဉ်လေ့လာသုံးသပ်မှုများ ပြုလုပ်ပြီး လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့ပြင် လူမှုဖူလုံရေးအဖွဲ့ ဥက္ကဋ္ဌကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တင်ပြသည့်အမှာစာများကို ရှင်းလင်းတင်ပြပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များက သုံးသပ်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အာမခံအလုပ်သမားများကို ပိုမိုထိရောက်ကောင်းမွန်သည့်ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် အတွက် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် စာချုပ်ချုပ်ဆို၍ Fee for Service Payment ဖြင့် ဆေးခန်း ၇၂ ခန်းနှင့် သားဖွားခန်း ရှစ်ခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးစိုက်ထုတ်ငွေများအား အမြန်ဆုံးပြန်လည်ပေးအမ်းလျက်ရှိရာ လူမှုဖူလုံရေး ငွေကြေးအကျိုးခံစားခွင့်များအနေဖြင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်သြဂုတ်လအထိ ငွေကျပ် ၁၂ ဒသမ ၉၇ ဘီလီယံ ကျော်ကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အာမခံအလုပ်သမားများ၏ အချိန်ပြည့်ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်အဖြစ် အာမခံအလုပ်သမား ၆၈၃၇၉ ဦး၏ သားသမီး(ကျောင်းသား၊ကျောင်းသူ) ၈၉၉၆၇ ဦးအတွက် စုစုပေါင်းငွေကျပ် ၃၅၈၃ ဒသမ ၀၅၀ သန်းကို ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် မန္တလေးငလျင်ဘေးခံစားခဲ့ရသော အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်အဖြစ် အလုပ်ဌာန ၇၁၆၃ ဌာနမှ အာမခံအလုပ်သမား ၁၃၄၂၈ ဦးအတွက် အကျိုးခံစားခွင့်ငွေကျပ် ၁၀၉၈၈ ဒသမ ၇၅၉ သန်းကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးသည် ယနေ့နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. BAE Byeongsoo နှင့်အဖွဲ့အား နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံက ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် လက်ရှိရင်းနှီးမြှုပ်နှံနေသော ကုမ္ပဏီများသာမက လာရောက်ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသော ကိုရီးယားကုမ္ပဏီများလည်း ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုမှ နှစ်နိုင်ငံလုံးအကျိုးဖြစ်ထွန်းမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုရီးယားသမ္မတနိုင်ငံ၏အောင်မြင်မှုသည် မြန်မာနိုင်ငံ၏ အောင်မြင်မှုဖြစ်ပြီး မြန်မာနိုင်ငံ၏ အောင်မြင်မှုသည် ကိုရီးယားသမ္မတနိုင်ငံ၏အောင်မြင်မှုပင်ဖြစ်ပါကြောင်းပြောကြားသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အနာဂတ်တွင် ကိုရီးယားသမ္မတနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ငွေကြေးများနှင့်တိုက်ရိုက်ပေးချေရန်အတွက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်သွယ်မှုတွင် ပိုမိုချောမွေ့စေမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားငွေကြေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံသို့လာရောက်၍ ဘဏ်ခွဲနှင့် လက်အောက်ခံဘဏ်များ ဖွင့်လှစ်လုပ်ကိုင်နေသော ကိုရီးယားဘဏ်များ၏အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီး သူများအား e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေး

နေပြည်တော် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးသူများ၊ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်များ မရရှိသေးသည့်ပြည်သူများကို လမင်းစီမံချက်ဖြင့် ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် UID နံပါတ် ထုတ်ပေးနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင်လည်လည်ကြည့်ရှုအားပေးကာ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းလုပ်ငန်းကိစ္စများ လာရောက်ဆောင်ရွက်ကြသည့်ပြည်သူများကို လုပ်ငန်းဆိုင်ရာ အခက်အခဲများကိုမေးမြန်း၍ တာဝန်ရှိသူများနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံးမှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျ ထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ အဆိုပါဝင်းအတွင်းရှိ ဗိုလ်တထောင်ခရိုင်ဦးစီးမှူးရုံး၊ ရခိုင်ပြည်နယ်မှ ယာယီရုံးအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်ထားရှိသည့် ရမ်းဗြဲမြို့နယ်နှင့် ကျောက်ဖြူမြို့နယ် ဦးစီးမှူးရုံးများ ယာယီရုံးဖွင့်လှစ်ထားရှိမှု၊ သာကေတဂိုဒေါင်များအတွင်း အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၏ လုပ်ငန်းသုံးပုံစံများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

(၂၄-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့်ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၅.၃ ~ ၃၆၇၀	၅၅၈.၁ ~ ၅၅၈.၇	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၃,၉၇၂,၄၄၉.၂၅	၁၁,၂၇၃,၁၂၂.၃၀	၅၅,၀၅၉,၉၄၅.၉၅	၁,၀၄၄,၄၅၀.၀၀

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့ည နေ ၅ နာရီ ၄၈ မိနစ် ၃၆ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ချမ်းမြသာစည်မြို့နယ်၏ အရှေ့-အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၁(M) အဆင့်ရှိအင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/၈လ)**

(၅၅)ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်းကြေညာ

ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (ယူပီယူ) တည်ထောင်သည့် ၁၈၇၄ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့မှစ၍ နှစ်စဉ်အောက်တိုဘာလ (၉) ရက်နေ့ကို ကမ္ဘာ့စာပို့တိုက်နေ့အဖြစ်သတ်မှတ်၍ အထိမ်းအမှတ်အခမ်းအနားများကျင်းပခဲ့ရာ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နှစ်စဉ်ပါဝင်ကျင်းပလျက်ရှိပါသည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂနှင့် ကုလသမဂ္ဂ၏ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့အစည်း (UNESCO) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၉၇၁ ခုနှစ်မှစတင်၍ အသက် (၉) နှစ်ပြည့်ပြီး အသက် (၁၅) နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲကို ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ်ကျင်းပလေ့ရှိရာ ယခု ၂၀၂၆ ခုနှစ်တွင် (၅၅) ကြိမ်မြောက် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော အသက် (၉) နှစ်ပြည့်ပြီး အသက် (၁၅)နှစ်နှင့်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ ဧန်နဝါရီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲဝင်ရမည့် ခေါင်းစဉ်မှာ **" Write a letter to a friend about why human connection matters in a digital world." (ဒီဂျစ်တယ်ကမ္ဘာကြီးတွင် လူသားအချင်းချင်းဆက်သွယ်မှုသည် မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်းကို သူငယ်ချင်းတစ်ဦးထံသို့ ပေးစာတစ်စောင်ရေးသားရန်)** ဖြစ်ပြီး အခြေခံပညာအဆင့်တွင် ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၄၈၃) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။

ရရှိလာသည့်ပြိုင်ပွဲဝင်စာမူ (၄၈၃) စောင်ကို ပညာရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပူးပေါင်းပါဝင်သည့် အကဲဖြတ်အဖွဲ့ဖြင့် စိစစ်အကဲဖြတ်ခဲ့ပြီး ပြည်တွင်းအဆင့် ပထမဆုကို ရခိုင်ပြည်နယ် စစ်တွေမြို့၊ အ-ထ-က (၄) Grade-8 မှ မပြုံးသက်ပိုင်ထွန်းက လည်းကောင်း၊ ဒုတိယဆုကို နေပြည်တော် ပျဉ်းမနားမြို့၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 မှ မစုမြတ်နဒီကလည်းကောင်း၊ တတိယဆုကို ပဲခူးတိုင်းဒေသကြီး(အနောက်) ပေါင်းတည်မြို့နယ်၊ အ-လ-က(ခွဲ)-မှတ်တိုင်လမ်း Grade-6 မှ မဖြိုးရတနာဇော်ကလည်းကောင်း၊ အထူးဆုကို မွန်ပြည်နယ် မော်လမြိုင်မြို့၊ အ-ထ-က(၆) Grade-9 မှ မအေးယမုံသွယ် တို့ကလည်းကောင်းရရှိခဲ့ပါကြောင်း သိရှိခဲ့ပါသည်။ အဆိုပါအကဲဖြတ်အဖွဲ့၏ စိစစ်ရွေးချယ်ချက်အရ ပြည်တွင်းအဆင့် ပထမဆုရစာမူကို ယူပီယူမှကျင်းပသည့် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲသို့ ပေးပို့ယှဉ်ပြိုင်ထားပြီးဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာပါသည်။

၂၀၂၆ ခုနှစ်၊ (၁၅၂) နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် (၅၅)ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ(ပြည်တွင်းအဆင့်)ဆုရှိသူများအမည်စာရင်း

ပထမဆု

အမည် - မပြုံးသက်ပိုင်ထွန်း
အဘအမည် - ဦးအေးထွန်း
အမိအမည် - ဒေါ်သန်းသန်းဌေး
အတန်း - Grade-8
ကျောင်းအမည် - အ-ထ-က (၄) စစ်တွေမြို့၊ ရခိုင်ပြည်နယ်



ဒုတိယဆု

အမည် - မစုမြတ်နဒီ
အဘအမည် - ဒေါက်တာအောင်နိုင်ဝင်း
အမိအမည် - ဒေါ်နန်းဆိုင်းခမ်း
အတန်း - Grade-6
ကျောင်းအမည် - ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း ပျဉ်းမနားမြို့၊ နေပြည်တော်



တတိယဆု

အမည် - မဖြိုးရတနာဇော်
အဘအမည် - ဦးသန်းဇော်
အမိအမည် - ဒေါ်သီတာအေး
အတန်း - Grade-6
ကျောင်းအမည် - အ-လ-က(ခွဲ)-မှတ်တိုင်လမ်းပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်)



အထူးဆု

အမည် - မအေးယမုံသွယ်
အဘအမည် - ဦးအာကာမြင့်
အမိအမည် - ဒေါ်သန္တာသိမ့်
အတန်း - Grade-9
ကျောင်းအမည် - အ-ထ-က(၆) မော်လမြိုင်မြို့၊ မွန်ပြည်နယ်




➢ **ကျောဖုံးမှအဆက်**

ယနေ့နံနက်မှ စက်တင်ဘာလ ၂၈ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့်နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည် နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်း ကျစဉ်ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့်လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေလျှံမှုများကို ကြိုတင်သတိပြုနိုင် ပါရန် နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။



(မိုး/ဓလ)

▼ အာရှအားကစားပြိုင်ပွဲမှ

ယနေ့တွင် လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားသည်။

အာရှအားကစားပြိုင်ပွဲတွင် Esports အသင်း(Team Zanaka) သည် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အိမ်ရှင် ဂျပန်နိုင်ငံ၊ တရုတ်၊ အီရန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း စသည့် နိုင်ငံများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

"အာရှအားကစားပြိုင်ပွဲဆိုတာ အာရှနိုင်ငံတွေအတွက် အရေးပါတဲ့ အားကစားပြိုင်ပွဲတစ်ခုဖြစ်သလို အိုလံပစ်အားကစားပြိုင်ပွဲပြီးရင် အကြီးမားဆုံး အားကစားပြိုင်ပွဲလည်း ဖြစ်ပါတယ်။ အာရှပြိုင်ပွဲအတွက် လက်ရေစစ်ပွဲကိုလည်း အားသွန်ခွန်စိုက်နဲ့ ကျော်ဖြတ်ခဲ့ပြီး အာရှအားကစားပြိုင်ပွဲကိုသွားရောက် ယှဉ်ပြိုင်ခွင့်ရတဲ့အတွက်ဝမ်းမြောက် ဂုဏ်ယူပါတယ်။ ပြီးခဲ့တဲ့ ကမ္ဘာ့ Esports အားကစားပြိုင်ပွဲမှာလည်း Mobile Legends: Bang Bang(MLBB) အားကစားနည်းမှာ ကမ္ဘာ့အဆင့် ဒုတိယရရှိခဲ့တာကြောင့် အာရှအားကစားပြိုင်ပွဲမှာ ဆုတံဆိပ်မျှော်မှန်းထားသလို Honor of Kings (HOK) အားကစားနည်းနဲ့ ဆုတံဆိပ်ရဖို့လည်း မျှော်မှန်းထားပါတယ်။ အခုလို သွားရောက်ယှဉ်ပြိုင်ခွင့်ရအောင် ကူညီပေးတဲ့ နိုင်ငံတော်အကြီးအကဲ၊ အားကစားရေးရာဝန်ကြီးဌာနက တာဝန်ရှိသူ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်သွားမှာပါ" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ပြောသည်။

အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲကို စက်တင်ဘာလ ၁၉ ရက်မှ အောက်တိုဘာလ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းမှ Mobile Legends: Bang Bang(MLBB) ပြိုင်ပွဲဝင် အသင်းသည်လည်း ယခုရက်ပိုင်းအတွင်း ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် Team Zanaka အသင်းကို KBZPay ၊ U9 ၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပါဝင်ကူညီထောက်ပံ့ပေးထားကြောင်း သိရသည်။

သစ္စာ(MNA)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

သတင်းမှတ်စု

ကမ္ဘာ့ပတ်ဝန်းကျင်တည်ငြိမ်ရေးအတွက် အရေးပါသည့်အခိုက်အတန့်



တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၂၃ ရက်တွင် အမေရိကန်နိုင်ငံသို့ သုံးရက်ကြာ နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် ရောက်ရှိလာသည်။ ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ နည်းပညာ၊ လုံခြုံရေး၊ နိုင်ငံတကာရေးရာများတွင် ကွဲလွဲမှုများရှိနေသော်လည်း ယခုခရီးစဉ်သည် ထိပ်တိုက်တွေ့မှုထက် ဆွေးနွေးညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးနိုင်မည့် အခွင့်အရေးအဖြစ် အာရုံစိုက်ခံနေရသည်။

ဝါရှင်တန်မြို့အနီးရှိ Joint Base Andrews လေဆိပ်သို့ သမ္မတရှီကျင့်ဖျင်နှင့်ဇနီးတို့ ရောက်ရှိလာချိန်တွင် သမ္မတထရမ့်နှင့် ဇနီးတို့ကိုယ်တိုင် လေဆိပ်သို့ သွားရောက်ကြိုဆိုကြသည်။ ကြိုဆိုမှုတွင် အမေရိကန်၏ ဂုဏ်ပြုတပ်ဖွဲ့များ၏ အလေးပြုမှုကိုခံယူခြင်း၊ အမြောက် ၂၁ ချက်ပစ်ဖောက်ဂုဏ်ပြုခြင်းတို့ပါဝင်သည်။ အမေရိကန်သမ္မတအနေဖြင့် ယခုကဲ့သို့ ပြည်ပခေါင်းဆောင်တစ်ဦးကို လေဆိပ်တွင်ကိုယ်တိုင်ကြိုဆိုခြင်းမှာ ရှားပါးသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်လာသည်။

ယခုခရီးစဉ်၏ အဓိကအချက်မှာ သမ္မတရှီကျင့်ဖျင်၏ မိန့်ခွန်းတွင် ထင်ရှားစွာဖော်ပြခဲ့သည့် “မိတ်ဖက်များဖြစ်သင့်ပြီး ပြိုင်ဘက်များမဖြစ်သင့်” ဆိုသည့် အမြင်ပင်ဖြစ်သည်။ တရုတ်နှင့် အမေရိကန်တို့ဆိုသည်မှာ ကမ္ဘာ့အရေးအကြီးဆုံးနိုင်ငံများဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများမှာလည်း အပြန်အလှန်နက်ရှိုင်းစွာ ချိတ်ဆက်နေကြောင်း ရှီကျင့်ဖျင်ကပြောသည်။ ထို့ကြောင့် နှစ်နိုင်ငံအနေဖြင့် အကျိုးစီးပွားကွဲပြားမှုများရှိနေသည့်တိုင် ပူးပေါင်းနိုင်သည့် နယ်ပယ်များကို ပိုမိုရှာဖွေရန် အရေးကြီးလာသည်။

အထူးသဖြင့် တရုတ်နှင့် အမေရိကန်ကြားဆက်ဆံရေးက ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားပြီး သဘောထားကွဲလွဲမှုကို ထိန်းချုပ်ကာ ငြိမ်းချမ်းရေးထိန်းသိမ်းသည့် ဆက်ဆံရေးဖြစ်လာစေရန် ရှီကျင့်ဖျင်ကအလေးပေးပြောခဲ့ခြင်းဖြစ်သည်။ ထိုအချက်က နှစ်နိုင်ငံကြားကွဲပြားမှုများကိုဖုံးကွယ်ရန် ကြိုးပမ်းခြင်းထက် ကွဲပြားမှုရှိနေသော်လည်း ဆွေးနွေးမှုကိုမပြတ်စေရန် အာရုံစိုက်သည့် သဘောဖြစ်သည်။

ယခုနှစ်မေလက ဒေါ်နယ်ထရမ့်၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း ရှီကျင့်ဖျင်နှင့် တွေ့ဆုံမှုအပြီး ခြောက်လအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်တွေ့ဆုံမှုသည်လည်း ဆက်ဆံရေးတည်ငြိမ်ရေးအတွက် ဆွေးနွေးမှုများကို ဆက်တိုက်ပြုလုပ်လာနိုင်ကြောင်းပြသနေသည်။ နိုင်ငံတကာဆက်ဆံရေးကျွမ်းကျင်သူများကလည်း ခေါင်းဆောင်အဆင့်တွင် အဆက်မပြတ်ဆွေးနွေးနိုင်ခြင်းသည် သဘောထားကွဲလွဲမှုများကို နားလည်မှုလွဲမှားခြင်းမှဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို လျှော့ချရန်အရေးကြီးကြောင်း သုံးသပ်ထားကြသည်။

တရုတ်နှင့် အမေရိကန်တို့ကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များမှာလည်း ကျယ်ပြန့်သည်။ ကုန်သွယ်ရေးနှင့် စီးပွားရေးအပြင် ဉာဏ်ရည်တု (AI) လုံခြုံရေး၊ နည်းပညာစည်းမျဉ်းများ၊ မူးယစ်ဆေးဝါးတားဆီးရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးစနစ်တည်ငြိမ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိနေသည်။ လက်ရှိဆွေးနွေးမှုများတွင် AI နှင့် မြေရှားသတ္တုကဲ့သို့ ကမ္ဘာ့စီးပွားရေးအတွက်အရေးကြီးသည့်ကိစ္စများလည်း ပါဝင်နေသည်။

အထူးသဖြင့် AI နည်းပညာကဏ္ဍသည် အနာဂတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသည့် နယ်ပယ်တစ်ခုဖြစ်လာနိုင်သည်။ AI နည်းပညာ၏အကျိုးကျေးဇူးများကို အသုံးချနိုင်ရန်အပြင် လုံခြုံရေး၊ ကျင့်ဝတ်နှင့် နိုင်ငံတကာစည်းမျဉ်းများသတ်မှတ်ရာတွင် ကမ္ဘာ့နည်းပညာအင်အားကြီးနှစ်နိုင်ငံကြား ဆွေးနွေးမှုများရှိခြင်းက နိုင်ငံတကာအသိုက်အဝန်းအတွက်ပါ အကျိုးရှိနိုင်သည်။

ထို့ပြင် နှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှုများ လျော့ချနိုင်ခြင်းကလည်း ကမ္ဘာ့စီးပွားရေးအတွက် အရေးကြီးသည်။ တရုတ်နှင့် အမေရိကန်တို့သည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးအင်အားစုများဖြစ်သည့် အတွက် နှစ်နိုင်ငံဆက်ဆံရေး တည်ငြိမ်လာပါက ကမ္ဘာ့ကုန်ထုတ်လုပ်မှု၊ ထောက်ပံ့ရေးကွင်းဆက်နှင့် နိုင်ငံတကာစျေးကွက်များအပေါ် မသေချာမှုများ လျော့နည်းလာနိုင်သည်။ လက်ရှိတွင် နှစ်နိုင်ငံက ကုန်သွယ်ရေးတိုက်ခိုက်မှုရပ်စဲခြင်းကိုလည်း ဆက်လက်တိုးမြှင့်သွားရန် သဘောတူကြောင်း သတင်းများက ဖော်ပြထားသည်။

ထို့ကြောင့် ရှီကျင့်ဖျင်၏ ယခုအဝန်းအတွက်ပါ အကျိုးရှိနိုင်သည်။

အမေရိကန်ခရီးစဉ်ကို သမ္မတနှစ်ဦးကြား သမားရိုးကျတွေ့ဆုံမှုတစ်ခုအဖြစ်မမြင်ဘဲ တရုတ်နှင့်အမေရိကန်တို့ကြား ဆက်သွယ်ရေးလမ်းကြောင်းများ ပိုမိုဖွင့်လှစ်ထားရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ရှုမြင်နိုင်သည်။ ယခုတွေ့ဆုံမှုသည် နှစ်နိုင်ငံကြားရှိပြဿနာအားလုံး ချက်ချင်းပြေလည်သွားမည်ဟု မဆိုသာနိုင် သော်လည်း ခေါင်းဆောင်များကြား ပုံမှန်တွေ့ဆုံခြင်း၊ ဆွေးနွေးခြင်းနှင့် ပူးပေါင်းနိုင်သည့် ကဏ္ဍများကို တိုးချဲ့ခြင်းသည် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရာတွင် အရေးပါသည်။

အဆုံးတွင် တရုတ်နှင့် အမေရိကန်တို့၏ ဆက်ဆံရေးတည်ငြိမ်မှုသည်နှစ်နိုင်ငံစလုံးအတွက်သာမက ကမ္ဘာ့ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ပါ အရေးပါနေပေသည်။ သဘောထားကွဲလွဲမှုများကို ထိပ်တိုက်ရင်ဆိုင်မှုဖြင့် ဖြေရှင်းခြင်းထက် ဆွေးနွေးမှုဖြင့်သာ ဖြေရှင်းနိုင်ပါက နှစ်နိုင်ငံပြည်သူများအတွက်သာမက ကမ္ဘာ့နိုင်ငံများအတွက်ပါ ပိုမိုတည်ငြိမ်သည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယခုခရီးစဉ်က ထိုသို့ပူးပေါင်းဆောင်ရွက်ရေးအတွက် တံခါးတစ်ချပ်ကို ဆက်လက်ဖွင့်ထားနိုင်မလားဆိုသည်ကိုစောင့်ကြည့်ရမည့် အရေးပါသည့် အခိုက်အတန့်တစ်ခုပင်ဖြစ်ပါသည်။

Ref: Xinhua

ထက်မြတ်

ဒေလီမြို့ပြင်၌ ဘတ်စကားမီးလောင် လူကိုးဦးသေဆုံး

နယူးဒေလီ၊ မတော်တဆမှု

အိန္ဒိယနိုင်ငံ ဒေလီမြို့ပြင်ရှိ ယမုနာအမြန်လမ်းပေါ်တွင် ခရီးသည်တင် ဘတ်စကားတစ်စီး မောင်းနှင်နေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူကိုးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ထိုဖြစ်စဉ်သည် စက်တင်ဘာလ ၂၃ ရက် ညပိုင်းတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ဘတ်စကားပေါ်တွင် ခရီးသည် ၃၅ ဦးကျော် လိုက်ပါလာသည်။ ဘတ်စကားသည် ဒေလီမြို့မှ ဥတ္တရပရာဒက်ပြည်နယ် မဟော်ဘာခရိုင်သို့ ထွက်ခွာလာခြင်းဖြစ်သည်။

သေဆုံးသူကိုးဦးတွင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်သည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို အတည်မပြုနိုင်သေးဘဲ ရဲတပ်ဖွဲ့နှင့် မှုခင်းဆေးအဖွဲ့များက ဖြစ်စဉ်နေရာသို့ သွားရောက်ကာ အထောက်အထားများနှင့် နမူနာများစုဆောင်း၍ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

Ref: Xinhua

ချောင်ဖရားမြစ်ရေမြင့်တက်မှုကြောင့် အယုဒ္ဓယရှေးဟောင်းဘုရားများကို သံဃာနှင့်တပ်ဖွဲ့များ ပူးပေါင်းကာကွယ်

ဘန်ကောက်၊ သဘာဝဘေး

ထိုင်းနိုင်ငံ အယုဒ္ဓယပြည်နယ်တွင် ချောင်ဖရားမြစ်နှင့် မြစ်လက်တက်များ ရေမျက်နှာပြင်မြင့်တက်လာသဖြင့် ရှေးဟောင်းဘုရားများ၊ သမိုင်းဝင်အဆောက်အအုံများ ရေဘေးမသင့်စေရန် သံဃာများနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကာကွယ်ရေးလုပ်နေရကြောင်း သိရသည်။



ချောင်ဖရားမြစ်ကမ်းဘေး၌ ရှိသော ဘုရားတစ်ဆူတွင် သံဃာနှင့်ကိုရင် ၃၀ ကျော်က စစ်ဘက်တပ်ဖွဲ့ဝင်များနှင့်အတူ ဘုရားဝင်းအတွင်း ၁ ဒသမ ၉ မီတာမြင့်သောရေကာတံတိုင်းများကို တပ်ဆင်နေကြပြီး အရှည် ၁၂၀ မီတာခန့်ရှိရေကာစနစ်ကို တည်ဆောက်ထားသည်။

သမိုင်းဝင် ဝပ်ချိုင်ဝတ်ထနာရာမ်ဘုရားတွင်လည်း ချောင်ဖရားမြစ်ကမ်းတစ်လျှောက် ၁၆၅ မီတာခန့် အရှည်ရှိသည့် ရေကာတံတိုင်းများ တပ်ဆင်ထားပြီး အလိုအလျောက် ရေစုပ်စက်များအသုံးပြုထားသည်။ မြစ်ရေမှာလည်း ဆက်လက်မြင့်တက်လာနိုင်သည့်အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း သိရသည်။ **Ref: NT**

အမေရိကန်က ဆက်လက်တိုက်ခိုက်လျှင် အိန္ဒိယသမုဒ္ဒရာအထိ စစ်ကိုချဲ့ထွင်နိုင်ကြောင်း အီရန်သတိပေး

တီဟီရန်၊ စစ်ရေး

အမေရိကန်က အီရန်ကို ထပ်မံတိုက်ခိုက်လာပါက အရှေ့အလယ်ပိုင်းစစ်ပွဲကို အိန္ဒိယသမုဒ္ဒရာအထိ ချဲ့ထွင်နိုင်ကြောင်း အီရန်ဦးဆောင်၏အကြံပေး ယာယာရာဟင်ဆာဖာဗီက စက်တင်ဘာလ ၂၄ ရက်တွင်သတိပေးလိုက်သည်။

ပါရှန်းပင်လယ်ကွေ့နှင့် ဟော်မုဇလက်ကြားမှတစ်ဆင့် ပင်လယ်နီအထိပျံနှံ့လာသည့် စစ်ပွဲသည် နောက်ထပ်တိုက်ခိုက်မှုများဖြစ်ပွားပါက အိန္ဒိယသမုဒ္ဒရာနှင့် ထိထက်ပိုမိုဝေးကွာသည့်ဒေသများအထိ ရောက်ရှိလာနိုင်ကြောင်း ယာယာရာဟင်ဆာဖာဗီ၏ပြောဆိုချက်ကို Fars သတင်းဌာနကဖော်ပြထားသည်။ အမေရိကန်နှင့်အစ္စရေးတို့၏ တိုက်ခိုက်မှုများ ပြန်လည်စတင်လာပါက ပဋိပက္ခနယ်ပယ်ကို တိုးချဲ့တုံ့ပြန်မည်ဟု အီရန်ကယခင်ကလည်းသတိပေးထားကြောင်း သိရသည်။

Ref: ST

မြောက်ကိုရီးယားက နျူကလီးယားကို အမြဲတမ်း ထိန်းသိမ်းထားမည်

ပြိုယမ်း၊ နိုင်ငံရေး

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက်ကို မည်သည့်အခြေအနေတွင်မျှ စွန့်လွှတ်မည်မဟုတ်ဘဲ အမြဲတမ်းထိန်းသိမ်းထားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးချိုဆွန်ဟွေက စက်တင်ဘာလ ၂၄ ရက်တွင်ပြောသည်။

တောင်ကိုရီးယားသမ္မတ လီကျောင်က မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်စွမ်းရည် တိုးချဲ့မှုကိုရပ်တန့်ပြီး နောက်ဆုံးတွင် နျူကလီးယားလက်နက်ကင်းစင်သည့် ကိုရီးယားကျွန်းဆွယ်တည်ဆောက်ရန် ရည်မှန်းထားကြောင်း ကုလသမဂ္ဂတွင် ပြောပြီးနောက် မြောက်ကိုရီးယားက ယခုကဲ့သို့ တုံ့ပြန်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားလက်နက်ကို ရေရှည်ထိန်းသိမ်းရန် နိုင်ငံတော်၏ ဆုံးဖြတ်ချက်ကို ထပ်မံအတည်ပြုကြောင်း ချိုဆွန်ဟွေကဆိုသည်။ **Ref: BP**

MYAWADY IN ENGLISH DAILY EDITION

32 PDF members, six family members, totalling 38 return to legal fold along with arms and ammunition, due to abhorrence of terror acts and desire to live in peacefully



PDF members from Sataung area of Sagaing Region who returned to the legal fold seen in a group photo together with arms and ammunition.



An official presents cash award for PDF members from Sataung area of Sagaing Region who returned to the legal fold.

NAY PYI TAW September 24

Under the guidance of the government, the Tatmadaw has consistently prioritized efforts to maintain peace and stability in the country. Accordingly, it has achieved successes in Counter-Terrorism Operations, retaken and brought under control, one after another, areas that had been temporarily controlled by terrorists, and fully reopened communication routes. As a result, the terrorists have become increasingly demoralized and are no longer able to mount resistance. As time has passed, conflicts have also emerged among them over territorial control and the allocation of shares based on self-interest, including acts of bullying, oppression and killings among themselves.



An official accepts the arm of a PDF member from Sataung area of Sagaing Region who rejoined the legal framework.



An official accepts the arm of a PDF member from Sataung area of Sagaing Region who rejoined the legal framework.

In addition, members of Local PDF groups that are not under the control of the NUG and CRPH terrorist groups have reportedly been subjected to unilateral discrimination and bullying, while PDF groups under their control have allegedly been forcibly sent to operational areas as proxies for ethnic armed terrorist groups, made to use narcotic drugs and fight in suicide missions, and exploited for their own interests. Furthermore, some members of PDF groups and ethnic armed organizations have reportedly come to despise acts of terrorism that cause loss of life and damage to the homes and property of ethnic people, and have wished to live, work, earn a living and pursue education peacefully. They have also wished to reunite with their families and live and work freely under the protection of the law following the government's legal measures and welcoming policy. As the relevant authorities have made arrangements to ensure their security and enable them to live and work freely among the public after entering the legal fold, and as they have come to understand the peace efforts of the State and the Tatmadaw, members of PDF groups and ethnic armed groups have been reporting to nearby military units, camps and security outposts and entering the legal fold together with their arms and ammunition.



Arms and ammunition in addition to related accessories taken by those who returned to the legal fold.

A total of 23 men members from Local PDF terrorist group, three women from their families, six men and three women from Sataung Moekyo PDF terrorist group and three women from their families, totalling 29 men and three women PDF members and six women from their families contacted the nearby local military camp and returned to the legal fold, bringing along with 13 assorted firearms, ammunition and related equipment on 22 September.

The members of the so-called PDF groups who have entered the legal fold reportedly did so because they had become dissatisfied with carrying out terror

SEE PAGE - 22 ▶▶

▶▶ FROM PAGE - 21

acts and had come to realize that, although they had taken up arms in the name of political causes, they themselves had become involved in violent activities. They also reportedly cited alleged bullying and discriminatory treatment by the NUG and CRPH, internal hierarchies involving abuse, oppression, killings and sexual violence among members, and the hardship and poor living conditions they experienced. They further said that the NUG, CRPH and ethnic armed organizations had forcibly sent members of so-called PDF groups to operational areas, made them use narcotic drugs and engage in suicide attacks, and exploited them for their own interests. So, they returned to the legal framework.

Officials from the local military unit in Sagaing warmly welcomed the members of the so-called PDF groups and their family members who entered the legal fold. They are also providing necessary assistance and support, healthcare services, and arrangements to facilitate administrative matters.

The government continues to keep its doors open and invite those who have become involved in terrorist groups, including so-called PDF groups, for various reasons to return to the legal fold. Those who return to the legal fold are welcomed, provided with necessary assistance and support, and systematically handed back to their parents or guardians. There are still more individuals who wish to return to the legal fold. Those wishing to return to the legal fold and work together with the government and the Tatmadaw for the benefit of the country and their respective communities are urged to promptly contact and report to the nearest district or township administrative bodies, military camps or police stations. Those who make such contact and report their intention to return will be welcomed and provided with the necessary assistance and support. Appropriate cash rewards are also being provided for arms and ammunition.

The voices of those who have returned to the legal fold were also heard as follows:-







1. “In early June 2022, I attended military training in Wetlet Township after being persuaded by a friend. Upon returning from the training, I formed the Yoma Column alongside ten comrades. From the moment the Yoma Column was established, terrorist groups such as the NUG and CRPH discriminated against, bullied, and oppressed us because our local PDF group was not under their command. Ethnic armed organizations also treated us as disposable forces simply because we were PDF, forcibly sending us into operational areas, compelling us to use drugs, and forcing us to fight in suicide missions. Over these four years, as we came to realize the truth, we contacted the Tatmadaw and surrendered. Upon our return to the legal fold, the Tatmadaw arranged food, drink, and accommodation for us, leaving us with no unmet needs. I warmly welcome any younger brothers, sisters, and relatives who wish to follow in our footsteps.”

2. “In early 2025, I joined the group after being enticed and persuaded by my friends, and I ended up completing their training courses as a result of their influence. Because our group was not under their direct command, terrorist organizations like the NUG and CRPH subjected us to torture, abuse, and one-sided bullying. Driven by this oppressive behavior, we returned to the legal fold with the Tatmadaw. Upon our surrender, the Tatmadaw welcomed us like family and provided for all our food, clothing, and living needs. I therefore encourage all remaining members of these groups to come forward and return to the legal fold.”

3. “I made contact with PDF groups in early 2025 and began military training. After completing the training, I carried out military operations around Sataung. I was also involved in inspecting cargo trucks and extorting money from travelers along the Sagaing-Shwebo highway, handing over the collected funds to higher-ups. Under their orders, I set off landmines and carried out bombings intended to instill fear in the public. Ethnic armed organizations forcibly deployed PDF members to operational areas, compelling them to use drugs before sending them into battle. They exploited us for their own self-interest while forcing us to fight on the front lines. Disliking their actions, I established contact with the Tatmadaw and surrendered. Upon returning to the legal fold, the Tatmadaw arranged our living conditions, food, and accommodation, while also awarding us monetary rewards. I warmly welcome any younger brothers and sisters who wish to return to the legal fold next.”

100

More than 40,000 acres of groundnut planted in Kanbalu Township

KANBALU September 24

Statistics of Kanbalu Township Agriculture Department in Sagaing Region stated that local farmers have planted 47,413 acres of groundnut as monsoon crops in Kanbalu Township this year.

During the 2026-2027 monsoon cropping season, Kanbalu Township set a target of cultivating 51,901 acres of groundnuts. Planting began in May this year, and as of today, 47,413 acres have been planted, according to reports.

“This year’s monsoon cropping season, Kanbalu Township has targeted the cultivation of more than 51,000 acres of groundnuts. As of today, more than 47,000 acres have already been planted,” said U Myo Myint, Head of the Kanbalu Township Department of Agriculture.

In Kanbalu Township, about one and a half baskets of seed are required to plant one acre of groundnuts. The total cultivation cost exceeds Ks-200,000 per acre, including the cost of seed, labour, fertilizers, and pesticides. An average yield of more than 50 baskets per acre can be obtained.

This year, to ensure the successful growth of groundnut crops in Kanbalu Township, staff from the Township Department of Agriculture have been conducting field inspections, carrying out pest and disease surveillance, monitoring weed control, and maintaining field scouting records to help farmers manage their crops effectively.

SK

Katha District completes cultivation of maize on more than 1,000 acres of croplands

KATHA September 24

According to the district Agriculture Department, local farmers planted more than 1,000 acres of maize and sweet corns in Katha District of Sagaing Region this year.

During the 2026-2027 monsoon cropping season, Katha District has targeted the cultivation of 5,691 acres of maize and sweet corn across its townships. Planting began in May this year, and as of today, cultivation has been completed on a total of 1,902 acres, comprising 498 acres of maize and 299 acres of sweet corn in Katha Township, 820 acres of sweet corn in Indaw Township, 35 acres of sweet corn in Htigyaing Township, and 250 acres of sweet corn in Bamauk Township.

"This year's monsoon cropping season in Katha District has a target of cultivating more than 5,000 acres of maize and sweet corn. As of today, more than 1,000 acres have already been planted. We are continuing our efforts to ensure that the planned cultivation target is fully achieved," said Daw Khin Myat Myat Oo, District Director of the Katha District Department of Agriculture.

For the 2026-2027 monsoon cropping season, the district's cultivation targets by township are 2,947 acres of maize and 1,725 acres of sweet corn in Katha Township; 65 acres of maize and 500 acres of sweet corn in Indaw Township; 129 acres of maize and 125 acres of sweet corn in Htigyaing Township; and 200 acres of sweet corn in Bamauk Township, for a total of 5,691 acres.

This year, the Township Departments of Agriculture in Katha District have been providing maize and sweet corn growers with training courses, field demonstrations, guidance on the early prevention of fall armyworm infestations, and education on integrated crop management, including the use of neem-based pesticides and natural pest control solutions made from ginger and chilli.

In Katha District, maize yields exceed 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. Sweet corn produces around 15,000 ears per acre, while the cultivation cost exceeds Ks-500,000 per acre.

SK

Trump welcomes Xi to White House for State Visit



BEIJING September 24

The meeting comes as Washington and Beijing seek to manage tensions between the world's two largest economies.

US President Donald Trump welcomed Chinese President Xi Jinping and his wife Peng Liyuan to the White House on Thursday with a formal state arrival ceremony.

Talks are expected to focus on trade, critical minerals, artificial intelligence, Taiwan, Iran and other major international issues ahead of the expiry of the current trade truce in November.

Sputnik

5.4 magnitude quake hits Türkiye's Sanliurfa Province

ANKARA September 24

A 5.4 magnitude earthquake struck Türkiye's southeastern province of Sanliurfa on Thursday, with no casualties reported so far, the country's disaster agency said.

The Disaster and Emergency Management Authority said in a social media post that the earthquake occurred at 10:40 a.m. local time (0740 GMT) at a depth of 7.3 km in the Karakopru district.

Tremors from the quake were also felt across neighboring provinces of Adiyaman and Gaziantep, while field scanning operations continue, the agency said.

Private broadcaster NTV reported that panicked people took to the streets in Sanliurfa Province while local authorities called for calm.

"Assessments are being made," Hasan Sildak, governor of Sanliurfa, said on NTV. Türkiye is crisscrossed by several active seismic fault lines. **Xinhua**

Death toll from capsized ship in Indonesia rises to 42



JAKARTA September 24

The death toll from a passenger ship that capsized and sank in Indonesia's Java Sea rose to 42 on Thursday, with 93 people still missing, according to the National Search and Rescue Agency.

All the bodies recovered so far have been taken to Banjarmasin for identification, the agency said.

According to the agency, the ship's salvage operation could begin no earlier than three months from now after its fuel tanks are drained to prevent marine pollution.

The Virgo Transport 8, with 243 people onboard, departed Surabaya in East Java on September 12 for Banjarmasin in South Kalimantan. It encountered bad weather during the voyage and lost contact at around 2 a.m. local time on September 13.

Rescuers have since found bodies inside the ship and along the coast of Central Kalimantan province.

Divers focused their search on the ship's cabins, but poor underwater visibility and strong currents have hampered the operation, the agency said.

Indonesia, an archipelagic country with around 17,000 islands, relies heavily on ferries and other forms of sea transportation to connect its islands and facilitate travel. Maritime accidents occur from time to time due to factors including weather conditions, sea conditions and vessel safety. **Xinhua**

US steps up military activity near Iran – media

WASHINGTON September 24

The US has stepped up military activity around the Strait of Hormuz, with reconnaissance aircraft spotted near Iranian territory and additional fighter jets reportedly deployed to the region, RIA Novosti reported on Thursday, citing sources.

US reconnaissance aircraft were observed overnight near the Iranian islands of Qeshm and Hengam, while aircraft and small drones were also seen over Kermanshah Province in western Iran, according to people familiar with the matter.

Washington has also reportedly transferred 12 F-16 fighter jets from Spangdahlem Air Base in Germany to the region, the source said, adding that the increased activity could signal a possible escalation.

The reported activity comes as oil tanker traffic through the Strait of Hormuz has risen sharply. Tanker Trackers, a vessel-tracking service, said this week that crude flows across the US Navy blockade line have doubled in less than a month to around 13 million barrels per day (bpd). It estimated actual Hormuz transits at about 10.35 million bpd after excluding exports from Fujairah in the United Arab Emirates and Mina al-Fahal in Oman.

The Strait of Hormuz, one of the world's most important energy routes, has been a major flashpoint since the outbreak of the US-Israeli war on Iran in February. Iran's Islamic Revolutionary Guard Corps (IRGC) moved to restrict shipping through the waterway following the initial strikes, while Washington later imposed a naval blockade on Iranian ports. Oil flows through the strait fell from 21.6 million bpd in the final quarter of 2025 to 4.9 million in the second quarter of this year, according to US government data.

The tracking service attributed the increase partly to Saudi Arabia redirecting exports through the Persian Gulf following disruption to its East-West pipeline, as well as to daytime Hormuz crossings under additional US Central Command protection.

The East-West pipeline carries Saudi crude to the Red Sea, allowing exports to bypass the Strait of Hormuz. It had been transporting around 4 million bpd after the US-Israeli war on Iran disrupted shipping through the strait, but was shut earlier this month following drone attacks that Riyadh said originated in Iraq, where Iranian-backed armed groups allegedly operate.Saudi Arabia restarted the pipeline at a reduced rate this week, although a return to normal flows could reportedly take several weeks.

Iranian President Masoud Pezeshkian responded by saying Tehran remained open to talks but would not negotiate under pressure.

US and Iranian officials also resumed contact on the sidelines of the General Assembly, with Tehran conveying its conditions for peace through Qatari mediators. They include an end to hostilities and the US naval blockade, the release of frozen Iranian assets, and arrangements for reopening the Strait of Hormuz.

Iranian Supreme National Security Council Secretary Mohsen Rezaei reportedly told Iranian state television that Tehran would not resume negotiations with Washington until its conditions are met.

RT

UAE suspends Iranian airlines' flights

ABU DHABI September 24

The United Arab Emirates (UAE) has suspended flights operated by Iranian airlines to and from the country, effective Thursday and until further notice, according to the UAE General Civil Aviation Authority.

The authority said in a statement that the decision was based on a U.S. ban on Iranian airlines' use of airports worldwide, the Emirates News Agency (WAM) reported.

It added that it would keep the public and relevant parties informed of any developments until air traffic between the UAE and Iran returns to normal.

The authority also urged the public to rely only on authorized official sources for air traffic information.

Xinhua

Public Notice for Elimination of Violence


1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Bad news for snack lovers... just an extra 100g of processed food a day linked to risk of cancer, diabetes and death in new study

Foods that make up more than half of the typical British diet are fuelling the risk of cancer, diabetes and early death, a major study has suggested.

Scientists found that every additional 100g of ultra-processed food (UPF) eaten each day was linked to a 14 percent higher risk of a major heart event, a four percent higher risk of cancer and a three percent increased risk of dying from any cause.

UPFs include everything from crisps, biscuits and sweets to breakfast cereals, sliced bread and ready meals – which studies suggest account for around 54 percent of the calories eaten by UK adults, rising to 64 percent among children and 68 percent among teenagers.



And 100g can be surprisingly little.

It is roughly equivalent to nine custard creams, two thick slices of supermarket bread, three to four chicken nuggets or a third of a frozen pizza.

And the dangers appeared to mount among those with the most UPF-heavy diets.

Compared with those who ate the least, the biggest consumers were around a quarter more likely to suffer a heart attack or stroke, become obese or experience anxiety or depression.

They also faced a 31 percent higher risk of digestive problems and were around a fifth more likely to die early.

The study, published in the BMJ journal Family Medicine and Community Health, pooled findings from 51 studies involving more than eight million people aged between 23 and 77 across North America, Europe, Asia and Oceania.

Some participants were tracked for up to 32 years, with their diets assessed using questionnaires and food diaries.


Researchers compared their UPF intake with their risk of developing a range of conditions, including high blood pressure, heart attack, stroke, cancer, diabetes, digestive diseases, obesity, depression and anxiety, as well as dying from any cause.

They found a clear pattern: the more UPFs people ate, the greater their risk of ill health.

For every ten percent increase in the proportion of UPFs in a person's diet, their risk of diabetes rose by 16 percent.

The researchers concluded: 'Our findings suggest reducing consumption of UPFs and replacing them with minimally processed alternatives could help prevent chronic disease and reduce the burden on health services.'

They said global consumption of UPFs has risen rapidly over the past two decades because the foods are often cheap, convenient and heavily marketed.



Scientists believe several mechanisms could explain the apparent link with ill health.

Many UPFs are high in sugar and salt and low in fibre, while emerging evidence suggests combinations of additives may have a 'cocktail effect', potentially disrupting gut bacteria, increasing inflammation and affecting the body's ability to regulate blood sugar.

Compounds formed during processing may also play a role.

One example is acrylamide, a chemical produced when starchy foods are cooked at high temperatures and found in foods including crisps, chips and biscuits. The researchers said it has been linked to an increased risk of heart disease.

However, the authors stressed that their findings do not prove UPFs directly cause disease.

Many of the studies relied on people accurately recalling and reporting what they ate, while other differences between those who consume large and small amounts of UPF – including income, education, exercise and alcohol consumption – could also influence their health.

Professor Gunter Kuhnle, a food scientist at the University of Reading who was not involved in the research, said: 'Measuring food intake is notoriously difficult, as people are often not very good at remembering what they ate.

'Estimating UPF intake is even more difficult because the definition is not always clear, with some breads for example not being ultra-processed, while supermarket loaves generally are.'

He added that a high UPF intake could be a marker of other poor dietary choices and that the study cannot prove cause and effect.

The NHS advises people to eat a balanced diet based largely on fruit and vegetables, beans, pulses, fish, eggs and other sources of protein, while choosing higher-fibre starchy carbohydrates such as wholegrain bread, pasta and rice where possible.

Mail Online



BYD က Formula S နှင့် S GT တို့ကို တရုတ်ဈေးကွက်မှာ စတင်ရောင်းချ

BYD ကုမ္ပဏီရဲ့ Fang Cheng Bao ဆိုတဲ့ တံဆိပ်က Formula S နဲ့ Formula S GT လျှပ်စစ်ကားအသစ်နှစ်မျိုးကို တရုတ်နိုင်ငံ ဈေးကွက်မှာ စတင်ရောင်းချလိုက်ပါတယ်။ အရင်က အကြမ်းခံ SUV ကားတွေနဲ့ လူသိများခဲ့တဲ့ Fang Cheng Bao အနေနဲ့ အခုလို လျှပ်စစ်ဆီဒင်များနဲ့ ဈေးကွက်ထဲကို ဝင်ရောက်လာတာလည်း ဖြစ်ပါတယ်။

Formula S ကို ယွမ် ၁၈၉၉၀၀ ကနေ ၂၂၉၉၀၀ အထိ သတ်မှတ်ထားပြီး Formula S GT ကို ယွမ် ၂၁၉၉၀၀ မှ ၂၃၉၉၀၀ အထိ သတ်မှတ်ထားပါတယ်။ အဆိုပါဈေးနှုန်းတွေဟာ ဩဂုတ်လအတွင်းကြိုတင်မှာယူစဉ် သတ်မှတ်ခဲ့တဲ့ ယွမ် ၂၃၀၀၀၀ ကနေ ၂၈၀၀၀၀ အထိ ဈေးနှုန်းထက် သိသိသာသာ လျှော့ချထားတာဖြစ်ပါတယ်။ ကားနှစ်မျိုးစလုံးမှာ BYD ရဲ့ ဒုတိယမျိုးဆက် Blade Battery နဲ့ အမြန်အားသွင်းစနစ်ကို အသုံးပြုထားပြီး ငါးမိနစ်အတွင်း ဘက်ထရီအားကို ၁၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်း အထိဖြည့်နိုင်ပါတယ်။ Formula S က CLTC စမ်းသပ်စံနှုန်းအရ အမြင့်ဆုံး ကီလိုမီတာ ၉၀၀ အထိ မောင်းနှင်နိုင်ပြီး Formula S GT ကတော့ ကီလိုမီတာ ၈၅၀ အထိ ရောက်ရှိနိုင်ပါတယ်။

ဒုံအပြင် LiDAR နဲ့ BYD ရဲ့ God's Eye B ယဉ်မောင်းကူညီစနစ်တွေပါဝင်ပြီး မြို့တွင်းနဲ့ အဝေးပြေးလမ်းမတွေပေါ်မှာ အလိုအလျောက် ကူညီမောင်းနှင်နိုင်တဲ့ စနစ်တွေ ထည့်သွင်းပေးထားတာကိုလည်း တွေ့ရပါတယ်။ **Ref: EA**

ကိုထက်

စိတ်ကျရောဂါကြောင့် ကလေးများက မျက်နှာအမူအရာကို အာရုံစိုက်ပုံပြောင်းလဲ

ကလေးတွေမှာ စိတ်ကျရောဂါလက္ခဏာတွေ ပိုမိုဖြစ်ပေါ်လာတဲ့အခါ သူတို့အနေနဲ့ တခြားသူတွေရဲ့မျက်နှာပေါ်က စိတ်ခံစားချက်တွေကို သတိပြုပုံနဲ့ အာရုံစိုက်ပုံတွေ ပြောင်းလဲလာနိုင်တယ်လို့ အမေရိကန်နိုင်ငံ ဘင်ဟမ်တန်တက္ကသိုလ်မှ သုတေသီတွေက တွေ့ရှိထားပါတယ်။ သုတေသီတွေဟာ ကလေး ၂၄၂ ဦးနဲ့ သူတို့ရဲ့မိခင်တွေကို ခြောက်လတစ်ကြိမ်စစ်ဆေးပြီး နှစ်နှစ်ကြာ လေ့လာခဲ့ပါတယ်။ ကလေးတွေကို ပျော်ရွှင်၊ ဝမ်းနည်း၊ ဒေါသထွက်နေတဲ့ မျက်နှာအမူအရာတွေကိုပြသပြီး မျက်စိအာရုံစိုက်မှုကို Eye-tracking နည်းပညာနဲ့ မှတ်တမ်းတင်ခဲ့ပါတယ်။

မိခင်မှာ စိတ်ကျရောဂါရာဇဝင်မရှိတဲ့ ကလေးတွေမှာ စိတ်ကျရောဂါလက္ခဏာ ပိုများလာတာနဲ့အမျှ ပျော်ရွှင်တဲ့မျက်နှာတွေကို အာရုံစိုက်မှုကလျော့နည်းလာတာ တွေ့ရပါတယ်။ မိခင်မှာ စိတ်ကျရောဂါ ရာဇဝင်ရှိတဲ့ ကလေးတွေမှာတော့ စိတ်ကျရောဂါလက္ခဏာများလာတဲ့အခါ ဝမ်းနည်းတဲ့မျက်နှာတွေကို ပိုမိုအာရုံစိုက်လာကြပါတယ်။ သုတေသီတွေက ဒီတွေ့ရှိချက်ဟာ စိတ်ကျရောဂါမဖြစ်ခင်ကတည်းက အာရုံစိုက်မှုပုံစံပြောင်းနေတာလား၊ ဒါမှမဟုတ် စိတ်ကျရောဂါဖြစ်လာပြီးနောက် အဲဒီလို ပြောင်းလဲတာလားဆိုတာ နားလည်နိုင်ဖို့ အရေးကြီးတယ်လို့ဆိုကာ သုတေသနကို ဆက်လက်လုပ်ဆောင်နေပါတယ်။

Ref: STD၊ ကိုထက်



အက်တမ်တစ်လုံးပြောင်းပြီး ပလတ်စတစ်စားအင်ဇိုင်းကိုအဆင့်မြှင့်တင်

ကမ္ဘာတစ်ဝန်းမှာ ပလတ်စတစ်အမှိုက် ပြဿနာကိုဖြေရှင်းနိုင်ဖို့ကြိုးပမ်းနေကြတဲ့သိပ္ပံပညာရှင်တွေက ပလတ်စတစ်စားအင်ဇိုင်းတစ်မျိုးရဲ့ ဖွဲ့စည်းပုံထဲမှာ အက်တမ်တစ်လုံးတည်းကို ပြောင်းလဲလိုက်ခြင်းဖြင့် ပလတ်စတစ်ချေဖျက်နိုင်စွမ်းကို နှစ်ဆနီးပါး မြှင့်တင်နိုင်ခဲ့ပါတယ်။ အဆိုပါတွေ့ရှိချက်ကို သြစတြေးလျအမျိုးသားတက္ကသိုလ် (ANU) မှ သုတေသီတွေကပြုလုပ်ခဲ့တာပါ။


သုတေသီတွေက PET ပလတ်စတစ်ကို ချေဖျက်နိုင်တဲ့ PETase အင်ဇိုင်းမှာ သဘာဝအတိုင်းရှိတဲ့ tryptophan အမိုင်နိုအက်စစ် နေရာကို azatryptophan ဆိုတဲ့ အမိုင်နိုအက်စစ်နဲ့ အစားထိုးခဲ့ပါတယ်။ ဒီလိုမျိုးပြောင်းလဲမှုမှာ ကာဗွန်နဲ့ဟိုက်ဒရိုဂျင်အုပ်စုတစ်ခုနေရာကို နိုက်ထရိုဂျင်အက်တမ်တစ်လုံးနဲ့ အစားထိုးလိုက်တာဖြစ်ပါတယ်။

ဒုံသြစရာကောင်းတာက အက်တမ်တစ်လုံးသာပြောင်းလဲခဲ့ပေမယ့် အင်ဇိုင်းရဲ့ PET ချေဖျက်နိုင်စွမ်းဟာ မူလထက်နှစ်ဆနီးပါး မြန်ဆန်လာခဲ့ပြီး အပူဒဏ်ခံနိုင်ရည်ကိုလည်း ထိန်းသိမ်းနိုင်ခဲ့တာပါ။ အရင်က အင်ဇိုင်းကို ပိုမိုမြန်ဆန်အောင် ပြုပြင်တဲ့အခါ တည်ငြိမ်မှုလျော့ကျသွားတတ်တဲ့ ပြဿနာရှိခဲ့ပါတယ်။ သုတေသီတွေက PET အင်ဇိုင်းတွေကိုစမ်းသပ်ရာမှာ ရက်ပေါင်းများစွာ ကြာမှုကို မိနစ်ပိုင်းအတွင်းပြီးစီးစေနိုင်တဲ့ PETra လို့ခေါ်တဲ့ fluorescent စမ်းသပ်နည်းအသစ်ကိုလည်း တီထွင်ထားတယ်လို့ ဆိုပါတယ်။ **Ref: IE**

ကိုထက်



ရေအောက် ၁၀ မီတာအနက်မှ ဆိုလာစွမ်းအင်သုံးဓာတ်အားပေးစနစ်



တရုတ်နိုင်ငံ ယူနန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပင်လယ်ရေအောက်အနက် ၁၀ မီတာမှာတောင် နေရောင်ခြည်ကနေ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်တဲ့ ဆိုလာစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ပါတယ်။ ဒီစမ်းသပ်မှုဟာ ရေအောက်နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးနည်းပညာအတွက် အရေးပါတဲ့ တိုးတက်မှုတစ်ခုဖြစ်ပါတယ်။

ပုံမှန်ဆိုလာပြားတွေက ရေအောက်မှာ နေရောင်ခြည်စွမ်းအင် လျင်မြန်စွာကျဆင်းတာကြောင့် ထိရောက်မှုမရှိနိုင်သလောက် ဖြစ်ပါတယ်။ အနီရောင်အလင်းတန်းက ရေထဲမှာ အလွယ်တကူ စုပ်ယူခံရတာကြောင့် သုတေသီတွေက အပြာရောင်နဲ့အစိမ်း ရောင်အလင်းတန်းကို ပိုမိုအသုံးချနိုင်တဲ့ perovskite ဆိုလာပြားကို အသုံးပြုခဲ့ပါတယ်။

ဓာတ်ခွဲခန်းစမ်းသပ်မှုမှာ ၁၀ မီတာအနက်ကို ပုံတူဖန်တီးပြီးစမ်းသပ်လိုက်ရာ ဆိုလာပြားငယ်တစ်ခုက လျှပ်စစ်စွမ်းအင် ပြောင်းလဲနိုင်စွမ်း ၃၄ ဒသမ ၇၁ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။ ပိုကြီးတဲ့ မော်ကျူးမှာလည်း ၂၉ ဒသမ ၄ ရာခိုင်နှုန်းအထိ ရရှိခဲ့ပါတယ်။ ပင်လယ်ပြင်လက်တွေ့စမ်းသပ်မှုကိုတော့ တောင်တရုတ်ပင်လယ်မှာ ပြုလုပ်ခဲ့ပြီး ၁၀ မီတာအနက်မှာ ၂ နာရီအတွင်း လျှပ်စစ်ဓာတ်အား ၃၂၄ မီလီဝပ်နာရီထုတ်လုပ်နိုင်ခဲ့ပါတယ်။ ဒီစွမ်းအင်က ရေအောက်အာရုံခံကိရိယာတွေ၊ ကင်မရာတွေနဲ့ ဆက်သွယ်ရေးပစ္စည်းတွေကို လည်ပတ်စေနိုင်ဖို့ အသုံးဝင်လာနိုင်တယ်လို့ သုတေသီတွေကဆိုပါတယ်။ **Ref: IE**

ကိုထက်

Realme 16 Pro Harry Potter Edition ကိုမိတ်ဆက်



Realme က Harry Potter ပရိသတ်တွေအတွက် Hogwarts မှော်ကမ္ဘာကို အခြေခံဒီဇိုင်းထည့်သွင်းထားတဲ့ realme 16 Pro 5G Harry Potter Edition စမတ်ဖုန်းသစ်ကို မိတ်ဆက်လိုက်ပါတယ်။ ဒီဖုန်းမှာ Hogwarts ရဲ့ House လေးခုကို ကိုယ်စားပြုတဲ့ အရောင်ပြောင်းလဲပေါ်လာနိုင်တဲ့ နောက်ကျောဒီဇိုင်းနည်းပညာကို အဓိကထူးခြားချက်အဖြစ် ထည့်သွင်းထားပါတယ်။

ဖုန်းရဲ့နောက်ကျောမှာ Hogwarts House လေးခုရဲ့ အထိမ်းအမှတ်အမှတ်တံဆိပ်ကို ထည့်သွင်းထားပြီး ခရမ်းလွန်ရောင်ခြည် (UV) ထိတွေ့တဲ့အခါ House လေးခုရဲ့ အရောင်တွေက တစ်ပြိုင်နက်တည်းပြောင်းလဲပြီးပေါ်လာမှာဖြစ်ပါတယ်။ realme က ဒီနည်းပညာကို "Quadra Light-Sensing Color-changing Tech" လို့ ခေါ်ဆိုထားပြီး ကမ္ဘာ့ပထမဆုံးနည်းပညာအဖြစ် ဖော်ပြထားပါတယ်။

ဖုန်းရဲ့ကင်မရာအလှဆင်ဒီဇိုင်းကိုလည်း Harry Potter ဇာတ်လမ်းထဲက Hedwig ဧီးကွက်ကို အခြေခံထားပြီး နောက်ကျောကို သားရေလိုအချောထည်နဲ့ စိန်ကွက်ပုံစံ 3D ဒီဇိုင်းပြုလုပ်ထားပါတယ်။ ဖုန်းဘေးပေါင်မှာလည်း "Welcome To Hogwarts" ဆိုတဲ့ စာသားကို လေဆာနဲ့ထွင်းထားပါတယ်။ ဒုံအပြင် Hogwarts အပြင်အဆင်နဲ့ကိုက်ညီတဲ့ အပိုပစ္စည်းတွေပါ ထည့်သွင်းပေးထားပါသေးတယ်။ **Ref:GA**

ကိုထက်

နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာနေ ပြည်သူများလူမှုစီးပွားဘဝ အထောက်အကူပြု မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ဒေသဝက်များ ထောက်ပံ့ပေးအပ်

နောင်ချို စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာ၌ နေရပ်စွန့်ခွာပြီး ပြန်လည်အခြေချနေထိုင်လျက်ရှိသော ပြည်သူများ၏လူမှုစီးပွားဘဝ အထောက်အကူပြုမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဒေသဝက် ၃၅ ကောင်ကို ကျေးရွာနေပြည်သူ ၃၅ ဦးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။



ကျေးရွာနေပြည်သူများအတွက် ဒေသဝက်များကို ရှမ်းပြည်နယ် လွတ်တော်ကိုယ်စားလှယ်ဦးကျော်အောင်ဆန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက စက်တင်ဘာလ ၂၂ ရက်တွင် ကျေးရွာနေပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည့် ဒေသဝက်များအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့်အပြင် မွေးမြူရေးအသိပညာများကိုလည်းဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် စက်တင်ဘာ ၂၄

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း ၄၄ ဒသမ ၅၀၈ တန်၊ သစ်မာ ၉ ဒသမ ၈၇၈၀ တန်၊ အခြား ၅၃ ဒသမ ၇၂၆၆ တန်၊ စုစုပေါင်း ၁၀၈ ဒသမ ၁၁၁၄ တန်၊ ယာဉ်/ယန္တရား ၆ စီး၊ တရားခံ ၁၀ ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)ချမှတ်

နေပြည်တော် စက်တင်ဘာ ၂၄

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ်ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)ချမှတ်ပြီး တိမ်းရှောင်တရားခံ မိုးမိုးအောင်(ခ)မမိုးနှင့် မဖြူ(ခ)အဖြူတို့ ၂ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ (၂၄)ရပ်ကွက်နေ အမျိုးသမီးနှစ်ဦးကို တစ်ရွာတည်းနေ မိုးမိုးအောင်(ခ)မမိုး၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ သုခ(၂) ရပ်ကွက်နေ ခက်ခက်(ခ)နီနီဝင်း(ခ)မနီနှင့်ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေ မဖြူ(ခ)အဖြူတို့မှ တရုတ်နိုင်ငံ၌ တရုတ်ဇနီးမယားအဖြစ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၉၀/၁၀၀ ရရှိမည်၊ i Phone လည်းကိုင်ရမည်၊ အေးဆေးနေထိုင်ရမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ရွှေမန္တလာခရီးသည်တင်မော်တော်ယာဉ်ဖြင့် မန္တလေးမြို့သို့ခေါ်ဆောင်လာကြောင်း စီစစ်သိရှိရသဖြင့် အောင်မြေသာစံမြို့နယ်၊ အမှတ်(၁)နယ်မြေရဲစခန်း (၀)၄၆/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး စက်တင်ဘာလ ၂၁ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ခက်ခက်(ခ)နီနီဝင်း(ခ)မနီကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန်အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မိုးမိုးအောင်(ခ)မမိုးနှင့်မဖြူ(ခ)အဖြူတို့ ၂ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ



တရားခံ စိုးနိုင်၊ မရီရီဝင်းနှင့် သန်းနိုင်တို့အား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

✦ ကျောဖုံးမှအဆက်

ဥပဒေအရအသီးသီးအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာလ ၂၁ ရက် ည ၆ နာရီခွဲအချိန် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရကျောက်တန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ စက်မှုလမ်းတွင် ရွှေတောင်မြို့နယ်၊ လေးကျွန်းဆီမီးရှာနေ မရီရီဝင်း(၆၄)နှစ်၊ ကျောက်တန်းမြို့နယ်၊ သီလဝါတိုးချဲ့ရပ်ကွက်နေ သန်းနိုင်(၆၃)နှစ်နှင့် ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်နေ စိုးနိုင်(၅၀)နှစ်တို့ ၃ ဦးထံမှ စိတ်ကြွဆေးပြား ၁၅၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ငင်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၂၅၀) ဖမ်းဆီးရမိသဖြင့် မရီရီဝင်း၊ သန်းနိုင်နှင့် စိုးနိုင်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာလ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ရွာအနီးတွင် ကသာမြို့နယ် စေတီကုန်းရွာနေသူများဖြစ်သည့် အောင်မင်းခိုင်(၃၄)နှစ် မောင်းနှင်ပြီး ကျော်သိန်းလှိုင်(၁၉)နှစ် လိုက်ပါလာသော သုံးဘီးဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၎င်းတို့ ၂ ဦး သယ်ဆောင်လာသည့် ဘိန်းစိမ်း ၃၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၃၆၀) ဖမ်းဆီးရမိခဲ့ပြီး ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဗန်းမောက်မြို့နယ်၊ ခမိုးရွာနေ မိုးလှိုင်(၄၉)နှစ်မောင်းနှင်လာသော CANDA 125 အမျိုးအစားဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၄၈၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၂၆ ဒသမ ၇ သိန်း)နှင့် မြန်မာငွေကျပ် ၅ သိန်းတို့အား ဖမ်းဆီးရမိခဲ့သဖြင့် အောင်မင်းခိုင်၊ ကျော်သိန်းလှိုင်နှင့် မိုးလှိုင်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အသီးသီးအရေးယူထားကြောင်းသိရသည်။

မြဝတီ

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"အထူးဒေသ-၂ ပန်ဆန်းမြို့တွင် အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်းသင်တန်းဖွင့်လှစ်

ပန်ဆန်း စက်တင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) "ဝ"အထူးဒေသ-၂ ပန်ဆန်းမြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဦးစီးကျင်းပသည့် အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်းခြောက်လသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပန်ဆန်းမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဟိန်းက အဖွင့်အမှာစကားပြောကြားပြီး "ဝ" ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်အိဝမ်းကောနှင့် "ဝ"ကျန်းမာရေးဌာနမှ ဒေါ်မယ်နုတို့က ကျေးဇူးတင်စကားပြောကြားသည်။

အရန်သားဖွားဆရာမများ အသစ်မွေးထုတ်ခြင်းသင်တန်းကို ခြောက်လကြာသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသူ ၃၃ ဦးတက်ရောက်ကြောင်းနှင့် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မိုင်းရယ်(ပြန်/ဆက်)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းမှတ်တမ်းများနှင့်အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(ရွှေနှံ့သာ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ငန်းစပ်)၊ ဒဂ္ဂိဏသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(မန်ကျီးကုန်း)၊တပ်ကုန်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ဒဟတ်ကုန်း)နှင့်အခြေခံပညာအထက်တန်းကျောင်း(အလယ်ကွန်း)ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။





ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများနှင့်ဆရာ၊ဆရာမများသည်ပြင်ပပြကွက်များတွင်ခင်းကျင်းပြသထားသည့်တပ်မတော်(ကြည်း၊ ရေ၊လေ)တပ်ဖွဲ့များ၏စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကူးကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့် ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲကြားသိခဲ့ရပါတယ်-

“ကျွန်မတို့ ဒီကိုလာရောက်တာ ကတော့ အထက(ခွဲ)(ဒဟတ်ကုန်း)နဲ့ပြီးတော့ အထက (အလယ်ကွန်း)တို့က ကျောင်းသား၊ကျောင်းသူတွေနဲ့လာရောက်ပြီးတော့ လေ့လာရေး ခရီးထွက်တာဖြစ်ပါတယ်။ ကလေးတွေရဲ့ ဘဝမှာစာတွေနဲ့တင်မဟုတ်ဘဲနဲ့ ကိုယ်ပိုင်လက်တွေ့ဘဝကိုလည်း လာရောက်လေ့လာခြင်းအားဖြင့် သူတို့အတွက် အကျိုးတွေအများကြီးရရှိမယ်ထင်လို့ ကျွန်မတို့ကနေပြီးတော့ ဆက်သွယ်လာတာကို ကျေးဇူးတင်စွာဖြင့် လက်ခံပြီးတော့ လာရောက်ခြင်းဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ ကျတော့ စာအုပ်ထဲမှာပါတဲ့ စာတွေနဲ့ ဆရာ၊ ဆရာမတွေရဲ့ သင်သလောက်ကိုပဲ ရရှိခဲ့ကြတယ်။ အခုလိုမျိုးလာရောက်လိုက်တဲ့အခါကျတော့ ကလေးတွေကနေပြီးတော့ ဌာနဆိုင်ရာကနေ ရှင်းပြတဲ့ဟာဆို သူတို့ဘဝအတွက် ပိုမိုထိရောက်ပြီးတော့ ကိုယ့်ရဲ့နိုင်ငံမှာ ဘယ်လိုသမိုင်းတွေရှိခဲ့တယ် ဘယ်လောက်တောင် အရေးပါခဲ့တယ်ဆိုတာတွေကို ပိုပြီးတော့ သိရှိသွားမယ်လို့ ထင်မိပါတယ်ရှင်” ဟုပြောသည်။

“ကျွန်တော်တို့အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်ရတဲ့အတွက်ကြောင့် ပြတိုက်အတွင်းမှာရှိတဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းနဲ့သက်ဆိုင်တဲ့ မှတ်တမ်းတွေ၊ သမိုင်းဝင်ပစ္စည်းတွေ၊ စစ်လက်နက်အသုံးအဆောင်ပစ္စည်းတွေ၊ စစ်သုံးယာဉ်နဲ့ လေယာဉ်တွေနဲ့အရေးကြီး ပုဂ္ဂိုလ်တွေအကြောင်းကို သိရှိခဲ့ရပါတယ်ခင်ဗျ။ အဲ့ဒီပစ္စည်းတွေကို ကြည့်ရှုရင်းနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ အတိတ်ကာလသမိုင်းအကြောင်းတွေကိုလည်း နားလည်သဘောပေါက်ခဲ့ပါတယ်ခင်ဗျ” ဟု ပြောသည်။

(၁၀၀)

“တင့်တင့်တယ်တယ်” တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်



နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက် ပေးလျက်ရှိရာ စက်တင်ဘာလ ၂၅ ရက် သောကြာနေ့ ညပိုင်းတွင် **“တင့်တင့်တယ်တယ်”** တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖိုးသောကြာ၊ ပြည့်ဟိန်းသူ၊ အေးမြဖြူ၊ ရဲရင့်ဝေလွင်၊ နှင်းဝတ်ရည်(အိပ်မက်ဆုံရာ)၊ ချိုမိမိဇော်နှင့် ချောစုသံစဉ်တို့က ရင်ခုန်ကြည်နူးဖွယ်အချစ်တေးကဗျာများကို သီကုံးဖွဲ့ဆိုထားသည့် တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

“တင့်တင့်တယ်တယ်” တေးဂီတဖျော်ဖြေပွဲကို စက်တင်ဘာလ ၂၅ ရက်သောကြာနေ့ ညဥ့နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channelနှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် စက်တင်ဘာလ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

MNL U – 20 လူငယ်လိဂ်ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ဂိုးပြတ်သွင်းနိုင်ပွဲရ

ရန်ကုန် စက်တင်ဘာ ၂၄

2026 MNL U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၁၆)နောက်ဆုံးနေ့ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ပြိုင်ဘက်အသင်းများကို ဂိုးပြတ်သွင်းယူကြပြီး နိုင်ပွဲရရှိခဲ့ကြသည်။



YUSC ကွင်း၌ ယှဉ်ပြိုင်ကစားသည့် အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အဆင့်(၁၁)နေရာမှဧရာဝတီယူနိုက်တက်အသင်းတို့ပွဲတွင် ပွဲပထမပိုင်းစသည်နှင့် ရန်ကုန်ယူနိုက်တက်အသင်းကပွဲကို ဦးဆောင်ကစားခဲ့ရာ ဧရာဝတီယူနိုက်တက်အသင်း ခံစစ်သက်သာကစားခဲ့ရပြီး ပွဲကစားချိန် ၁၅ မိနစ်မှစ၍ ဦးဆောင်ဂိုးများ ခွင့်ပြုပေးခဲ့ရသည်။ ပွဲကစားချိန် ၁၆ မိနစ်တွင် လမင်းပြည့်စုံက ဒုတိယဂိုး၊ ပွဲကစားချိန် ၂၆ မိနစ်တွင် ဇွဲခန့်အောင်က တတိယဂိုး၊ ပွဲကစားချိန် ၃၂ မိနစ်တွင် ဇေထက်အောင်က စတုတ္ထဂိုးတို့ သွင်းယူနိုင်ခဲ့၍ ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကသာပွဲကို စိုးမိုးဦးဆောင်ခဲ့သည်။ ပွဲကစားချိန် ၅၅ မိနစ်တွင် ခွန်ချိုထူးက ပဉ္စမဂိုး၊ ပွဲကစားချိန် ၆၅ မိနစ်တွင် ကျော်ညီညီက ဆဋ္ဌမဂိုး၊ ပွဲကစားချိန် ၇၁ မိနစ်တွင် လမင်းပြည့်စုံက သတ္တမဂိုးနှင့် ပွဲကစားချိန် မိနစ် ၉၀ တွင် ကျော်ညီညီက အဋ္ဌမဂိုးများသွင်းယူခဲ့၍ ပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၈ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ထို့အတူ စစ်ကိုင်းယူနိုက်တက်အသင်းနှင့်ချင်းလန်းအသင်းတို့ ပွဲတွင် ပွဲကစားချိန် ၄ မိနစ်တွင် ပိုင်သက်ဦးက စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသွားသည်။ ပွဲကစားချိန် မိနစ် ၃၀ တွင် ပိုင်သက်ဦးက ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပြီး ပွဲကစားချိန် ၄၅+၁ မိနစ်တွင် ချင်းလန်းအသင်းကစားသမား ကစားပုံကြမ်းခဲ့၍ ပယ်နယ်တီခွင့်ပြုခဲ့ရပြီး ပိုင်သက်ဦးကပင် တတိယဂိုးအဖြစ် သွင်းယူခဲ့၍ ပထမပိုင်းတွင် ၃ ဂိုး ဂိုးမရှိဖြင့် စစ်ကိုင်းယူနိုက်တက်အသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းကစားသမားများ ဂိုးသွင်းယူနိုင်ခြင်းမရှိ၍ ပထမပိုင်းရလဒ်၃ ဂိုး ဂိုးမရှိဖြင့် ပင် စစ်ကိုင်းယူနိုက်တက်အသင်းက အနိုင်ရရှိကြောင်း သိရသည်။ **ဝန်းရံခ**

▲ ကျောပုံးမှအဆက်

ပြန်လည်ရရှိရေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ ဝန်ထမ်းများက စက်ပစ္စည်းများ တပ်ဆင်တည်ဆောက်ခြင်းကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် စက်တင်ဘာလ ၂၃ ရက်မှစ၍ MPT ဖုန်းလိုင်းများ ပြန်လည်အသုံးပြုဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မြို့မှ ဖလမ်းမြို့နှင့်တွန်းဇံမြို့များသို့ လေယာဉ်၊ မော်တော်ယာဉ်တို့ဖြင့် အဆင့်ဆင့် သယ်ယူပို့ဆောင်ခဲ့ပြီးနောက် တွန်းဇံမြို့တွင် စက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်၍ MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိပြီဖြစ်သဖြင့် ဒေသခံတွန်းဇံမြို့သူမြို့သားများ အဆင်ပြေစွာ ဆက်သွယ်ပြောဆိုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဘိုင်ယန်မြူးနစ်အသင်းက တိုက်စစ်ကစားသမား ဟယ်ရီကိန်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ဆွေးနွေး

ဘာလင် စက်တင်ဘာ ၂၄

ဘိုင်ယန်မြူးနစ်အသင်းက အသင်းမှ အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဟယ်ရီကိန်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်နေသည်။

အသက် ၃၃ နှစ်အရွယ် ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ်က စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်သည်။

ဟယ်ရီကိန်းသည် စပါးအသင်း၌ ကစားခဲ့စဉ်က ဆုဖလားဆွတ်ခူးနိုင်ခြင်းမရှိသော်လည်း ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ကာ လက်ရှိတွင် ဥရောပမှ အကောင်းဆုံးတိုက်စစ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

ဟယ်ရီကိန်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး အစောပိုင်းက အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ အသင်းနှင့် သက်တမ်းတိုး



စာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းက နောက်ထပ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့ပြီး ဟယ်ရီကိန်းကိုယ်တိုင်ကလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသည့်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၆ ပွဲပါဝင်ကစားခဲ့ကာ ၆၄ ဂိုးအထိ သွင်းယူနိုင်ပြီးနောက် ဥရောပသွင်းဂိုးအများဆုံး ကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၂၆ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက်လည်း ရေပန်းစားနေသူဖြစ်ပြီး ယခုဘောလုံးရာသီ ခုနစ်ပွဲကစားပြီး ချိန်တွင် ခြောက်ဂိုးသွင်းယူထားကာ ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်နိုင်ကြောင်း သိရသည်။ *Ref;Bild*

စင်ကာပူအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ် အန်ဒရီဇာ ကွာတားဖိုင်နယ်တက်ရောက်

စင်ကာပူ စက်တင်ဘာ ၂၄

ရုရှားထိပ်တန်းတင်းနစ်မယ် အန်ဒရီဇာသည် စင်ကာပူနိုင်ငံ၌ ကျင်းပလျက်ရှိသည့် စင်ကာပူအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်အဆင့်တွင် တစ်နိုင်ငံတည်းသားတင်းနစ်မယ် ဆက်နိုဗစ်ချ်ကိုနှင့်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အန်ဒရီဇာက လက်ရည်အသာစီးဖြင့် ကစားနိုင်ခဲ့ကာ (၆-၂)၊ (၆-၂)ရလဒ် နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ အမျိုးသမီးတင်းနစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၅)နေရာ၌ ရပ်တည်နေသည့် အန်ဒရီဇာသည် စင်ကာပူအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့် (၁) အဖြစ် သတ်မှတ်ခံထားရသူဖြစ်ပြီး ပြိုင်ပွဲတွင်လည်း ၃၂ ဦး ရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ကာ ရလဒ်ကောင်းများ ဆက်တိုက်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အန်ဒရီဇာသည် ကွာတား ဖိုင်နယ်အဆင့်တွင် ကနေဒါတင်းနစ်မယ် ဖာနန်ဒက်နှင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ *Ref;AGTP Tennis*

WBA အဖွဲ့ချုပ်က WBA စူပါလိုက်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လိုပက်ဇ်နှင့် ကက်တာရောတို့ ယှဉ်ပြိုင်ရန်အတည်ပြု



ဝါရှင်တန် စက်တင်ဘာ ၂၄

WBA အဖွဲ့ချုပ်က WBA စူပါလိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ လိုပက်ဇ်နှင့် စိန်ခေါ်သူ ကက်တာရောတို့ ယှဉ်ပြိုင်ရန်အတည်ပြုခဲ့သည်။

WBA အဖွဲ့ချုပ်က WBA စူပါလိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် အမေရိကန်လက်ဝှေ့သမား လိုပက်ဇ်နှင့် စိန်ခေါ်သူ ဗြိတိန်လက်ဝှေ့သမား ကက်တာရောတို့ ပွဲစဉ်ကို လာမည့်အောက်တိုဘာလ ၂၂ ရက်တွင် ယှဉ်ပြိုင်ရန်အတည်ပြုခဲ့ပြီး နှစ်ဖက်ကိုယ်စားလှယ်များအနေဖြင့် သတ်မှတ်ရက်မတိုင်မီ သဘောတူညီမှုရရှိရန် အသေးစိတ်ဆွေးနွေးမှုများ လုပ်ဆောင်နိုင်မည်ဟု ထုတ်ပြန်ခဲ့သည်။

လက်ရှိ WBA စူပါလိုက်ဝိတ်တန်းချန်ပီယံ လိုပက်ဇ်သည် ပြီးခဲ့သည့် ဩဂုတ်လ ၂၂ ရက်က အမေရိကန်နိုင်ငံ လက်ဗီးဂတ်မြို့၌ တစ်နိုင်ငံတည်းသား ရိုမဲရိုးနှင့် ယှဉ်ပြိုင်ခဲ့ရာ လိုပက်ဇ်က အမှတ်ဖြင့်အနိုင်ရရှိပြီးနောက် ချန်ပီယံခါးပတ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်ကာ ယခုအခါ ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်ကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လိုပက်ဇ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝတွင် စုစုပေါင်း ၂၃ ပွဲနိုင်၊ နှစ်ပွဲရှုံးရလဒ်ပိုင်ဆိုင်ထားသူဖြစ်ပြီး ကက်တာရောသည်လည်း နောက်ဆုံးပွဲစဉ်အဖြစ် ဥဇဘတ်ကစ္စတန်လက်ဝှေ့သမား ဂီယာဆော့နှင့်ယှဉ်ပြိုင်ခဲ့ကာ အမှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ *Ref;Source of Boxing*

ဗလင်စီယာအသင်းက နည်းပြသစ်အဖြစ် ဂျာဗီးယားအဂူရီယာအား ခန့်အပ်

မက်ဒရစ် စက်တင်ဘာ ၂၄

ဗလင်စီယာအသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဝါရင့်နည်းပြ ဂျာဗီးယားအဂူရီယာအား ခန့်အပ်ခဲ့သည်။

ဗလင်စီယာအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေသည့်အတွက် နည်းပြကော်ဘီယန်အား ပြီးခဲ့သည့် ဆီဗီလာအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီး၌ ထုတ်ပယ်ခဲ့ပြီး ယာယီနည်းပြအဖြစ် ဆန်းချက်ဇ်အား တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။

ဗလင်စီယာအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နိုင်ငံတကာပွဲစဉ်များမပြီးဆုံးမီ နည်းပြသစ်အဖြစ် ဂျာဗီးယားအဂူရီယာအား ခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ ယခုဘောလုံးရာသီကုန်အထိ ခန့်အပ်နိုင်ခဲ့ခြင်းဖြစ်ပြီး ရာသီအကုန်တွင် တစ်နှစ်သက်တမ်းတိုးခွင့်ပါထည့်သွင်း စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြ ဂျာဗီးယားအဂူရီယာသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မဂ္ဂဆီကိုအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ၁၆ သင်းရှုံးထွက်အဆင့်ထိ တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ဂျာဗီးယားအဂူရီယာသည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် မဂ္ဂဆီကိုအသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ဗလင်စီယာအသင်းနည်းပြအဖြစ် ခန့်အပ်ခံရခြင်းဖြစ်ကြောင်း သိရသည်။ *Ref;Fabrizio Romano*

အမျိုးသားတင်းနစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာ အဆင့်(၁)နေရာ၌ရပ်တည်

ရောမ စက်တင်ဘာ ၂၄

ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်၏ နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်ထုတ်ပြန်ချက်အရ အမျိုးသားတင်းနစ် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာက အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ဂျန်နစ်ဆင်နာသည် ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့်အတွက် ယူအက်စ်အိုးပင်း အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲကို လွဲချော်ခဲ့သော်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် အဆင့်(၂)နေရာမှ ဂျာမနီတင်းနစ်ကစားသမား ဇာဗီရက်ကို ရမှတ်များ ဆက်လက်ဖြတ်တောက်ထားနိုင်ခဲ့ပြီး အဆင့်(၁) နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ဆင်နာသည် နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၁၁၅၀၀ ဖြင့် ဒုတိယနေရာမှ ဇာဗီရက်အား ရမှတ် ၁၈၁၀ အထိ ဖြတ်တောက်ထားနိုင်ခဲ့သည်။

ဂျန်နစ်ဆင်နာ၏နောက်တွင် ဇာဗီရက်က ရမှတ် ၉၆၉၀ ဖြင့် အဆင့်(၂)၊ စပိန်ကစားသမား အယ်ကာရက်ဇ်က ရမှတ် ၅၅၆၀



ဖြင့် အဆင့်(၃)၊ အမေရိကန်ကစားသမား ချဲလ်တန်က ရမှတ် ၄၆၈၀ ဖြင့် အဆင့်(၄)နှင့် ကနေဒါကစားသမား အလီယာဆီမီက ရမှတ် ၃၈၉၀ ဖြင့် အဆင့်(၅)နေရာ၌ အသီးသီးရပ်တည်နေကြောင်း သိရသည်။ *Ref;AGTP Tennis*

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၉-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၄၅၀	၄၆၀၅	၄၅၅၅	၄၄၆၅	၄၆၁၀	၄၆၂၅	၄၆၅၅	၄၅၃၅	၄၉၀၅	၄၉၃၅	၄၅၅၅	၄၇၀၅	၄၆၄၅	၄၆၀၅	၄၆၁၅	၄၈၄၅
95 Ron	၄၆၀၀	၄၇၅၅	၄၇၀၅	၄၆၁၅	၄၇၀၀	၄၇၂၅	၄၈၁၀	၄၆၈၅	၅၀၅၅	၅၀၈၅	၄၇၀၅	၄၇၆၀	၄၇၉၅	၄၇၅၅	၄၇၆၅	၄၉၃၅
HSD (500 ppm)	၄၇၉၀	၄၉၄၀	၄၈၉၅	၄၈၀၅	၄၉၄၅	၄၉၆၀	၄၉၉၀	၄၈၀၅	-	၅၂၅၅	၄၈၉၅	၅၄၄၅	၄၉၈၀	၄၉၄၀	၄၉၅၀	၅၁၀၀
HSD (50 ppm)	၅၇၉၅	၅၉၅၀	၅၉၀၀	၅၈၁၀	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၀	၆၂၅၀	၆၂၈၀	၅၉၀၀	၆၀၂၀	၅၉၉၅	၅၉၅၀	၅၉၆၀	၆၁၉၀
HSD (10 ppm)	၅၇၉၅	၅၉၅၀	၅၉၀၀	၅၈၁၀	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၀		၆၂၈၀	၅၉၀၀	၆၀၂၀	၅၉၉၅	၅၉၅၀	၅၉၆၀	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၂၂၈	၄၃၄၇
95 Ron	၄၃၇၅	၄၄၉၆
HSD (500 ppm)	၄၅၇၅	၄၆၉၆
HSD (50 ppm)	၅၁၃၂	၅၆၇၃
HSD (10 ppm)	၅၁၃၂	၅၆၇၃

မှတ်ချက်။ (၁) MOPSဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင်ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်း
သိုလှောင်ဖြန့်ဖြူးခြင်း
လုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ မဲထော်သလေးအုပ်စု၊ မဲထော်သလေးကျေးရွာနေ ဒုဏ္ဍဇင်(ဘ)ဦးစောလှိုင် ၃/ဘအန(နိုင်)၂၅၅၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၈၅၄၇၂**

ပျောက်ဆုံးကြောင်း

နန်းတင်ဇာမော်(ဘ)ခွန်ထွန်းအောင် ၃/ဘအန(နိုင်)၃၉၉၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 083152)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၀၅၅၂၇**

ပျောက်ဆုံးကြောင်း

ချောအိသိန်း(ဘ)ဦးသာပု ၈/ဂဂန(နိုင်) ၁၁၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၂**

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ၊ Grade-9 မှ ခွန်ထွန်းဇော်၏ဖခင်အမည်မှန်မှာ ဦးခွန်ကျော်ဝေဖြိုး ၃/ဘအန(နိုင်)၃၇၉၄၂၇ ဖြစ်ပါကြောင်း။

ဦးခွန်ကျော်ဝေဖြိုး

ပျောက်ဆုံးကြောင်း

ဖြိုးဝေစန်း(ဘ)မန်းစမ်းမစယ် ၁၄/ကပန(နိုင်)၂၃၂၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၁၆၆၁၃၃၅၅**

ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃) ရပ်ကွက်၊ ရဲစိုက်ခင်းလမ်းနေ သီဟကျော်အောင်(ဘ)ဦးကျော်အောင် ၇/သနပ(နိုင်) ၁၅၇၁၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 008906)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၈၅၅၄၇၂**

ပျောက်ဆုံးကြောင်း

ဖြိုးမမ(ဘ)ဦးဖူရှိ(ခ)ဦးအောင်ဝင်း ၁/မညန(နိုင်)၁၇၁၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၅၅၁၇၆**

ပျောက်ဆုံးကြောင်း

မိုးမိုးခိုင်(ခ)ကျန်ကျိယူ(ဘ)ဦးကျန်ကောင်းဖြင့် ၁၃/လရန(နိုင်)၁၉၅၃၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 631179)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၇၀၂၇၀၆၉**

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ၊ Grade-8 မှ နန်းမုလာဖောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ပစ်ဖိုး ၃/ပကန(နိုင်)၀၃၃၉၇၄ ဖြစ်ပါကြောင်း။

ဦးကျော်ပစ်ဖိုး

ပျောက်ဆုံးကြောင်း

ဦးကိုကိုဆန်း(ဘ)ဦးစံဖေ ၁၁/မပတ(နိုင်) ၀၅၆၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၀၅၅၃၄၇**

ဖခင်အမည်မှန်

ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ၊ Grade-6 မှ ခွန်အုံမင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးခွန်အလွင် ၃/ဘအန(နိုင်)၁၁၉၉၃၆ ဖြစ်ပါကြောင်း။

ဦးခွန်အလွင်

ပျောက်ဆုံးကြောင်း

ဧရာ၀တီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊သပြေကုန်းအုပ်စု၊မျောက်ချောင်ရွာနေ မောင်မင်းသူ(ဘ)ဦးကံညွှန့် ၁၄/မအန(နိုင်)၂၇၂၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆ဂုစ၆၆၆၄၄၆**

ဖခင်အမည်မှန်

ဧရာ၀တီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက ဂျမ်းကပ်၊ Grade-12 မှ မဝင်းသူဇော်အောင်၏ ဖခင်အမည်မှန်မှာ ဦးဖြူရှေ ၁၄/ငပတ(နိုင်)၁၃၆၉၆၁ ဖြစ်ပါကြောင်း။

ဦးဖြူရှေ

ဖခင်အမည်မှန်

ဧရာ၀တီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အထက ဂျမ်းကပ်၊ Grade-12 မှ နော်ဆဲဝါးဖောဖ၏ ဖခင်အမည်မှန်မှာ စောမူလာ ၁၄/ငပတ(နိုင်)၁၅၁၆၄၃ ဖြစ်ပါကြောင်း။

စောမူလာ

ပျောက်ဆုံးကြောင်း

စန်ဂျိ(ခ)ကျော်ကျော်ခိုင်(ဘ)ဦးရာဂျန်း ၇/ဖမန(နိုင်)၂၇၉၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၅၁၄၁၀၅**

ပျောက်ဆုံးကြောင်း

ဖြူစင်အေးချမ်း(ဘ)ဦးထွန်းထွန်း ၉/အမဇ(ပြ)၀၀၀၉၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၀၅၅၇၃၇၇**

ပျောက်ဆုံးကြောင်း

သက်သက်မွန်(ဘ)ဦးသန်းဇော် ၇/ကဝန(နိုင်)၂၁၅၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၃၈၃၃၀၀၉**

ဖခင်အမည်မှန်

ဘားအံမြို့၊အထက(ခွဲ)ကော့ကဒါ Grade-5မှ နန်းယမင်းကေ၏ ဖခင်အမည်မှန်မှာ ဦးမောင်စနေမောင် ၁၀/ပမန(နိုင်)၂၃၇၃၉၃ ဖြစ်ပါကြောင်း။

ဦးမောင်စနေမောင်

ပျောက်ဆုံးကြောင်း

ထပ်ခွန်း(ဘ)ဦးစံဆူးလင် ၄/မတပ(နိုင်) ၀၀၀၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 604290)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၁၁၄၃၄၃၀၆**

ပျောက်ဆုံးကြောင်း

သန့်ဇင်ဦး(ဘ)ဦးစန်း၀င်း ၁၄/ခနဖ(နိုင်) ၁၄၀၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၇၇၀၁၀၂၂၀**

ပညာဘဏ်တိုက် စကြည့်တိုက်

ဒေါ်ဇာဇာစိုး အသက်(၄၄)နှစ် (ထားဝယ်)

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ဧရာ၀တီ(၂၇) လမ်း၊ အမှတ်(၂၀၀၈၂)နေ ဦးကျော်မြင့်+ဒေါ်ပေးနောတို့၏သမီး၊ ဦးဇော်နိုင်၊ ဦးနေမျိုးသန့်၊ ဦး၀င်းမင်းတို့၏အစ်မ၊ မောင်ဇွဲလင်းထွဋ်၊ မောင်ဇွဲလင်းမြတ်တို့၏မွေးသမိခင်၊ ဦးနေမျိုး၀င်း၏ချစ်လှစွာသောဇနီး ဒေါ်ဇာဇာစိုး(၄၄)နှစ်သည် ၂၄-၉-၂၀၂၆ ရက်(ကြာသပတေးနေ့)နံနက် ၅:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၆ ရက်(စနေနေ့)မွန်းလွဲ ၁:၀၀ နာရီတွင် ကွေကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကြော်ငြာစာအမှတ်(၁/၂၀၂၆) (၂၀၂၆ ခုနှစ် သြဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလို ရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈
ရန်ကုန် ဖုန်း - ၀၉-၄၀၃၇၀၃၅၅၉
မန္တလေး ဖုန်း - ၀၉-၆၈၈၈၈၃၅၅၈

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
စစ်သည်အစားခန့်ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်အမှတ်(၁၊ ၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်နှင့် အမှတ်(၁)တပ်မတော်အသံလွှင့်တပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ(မြန်မာ/အင်္ဂလိပ်)(အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း(အမျိုးသား/အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး(အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး(အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် အဆို/အက(အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်(ယာယီဘွဲ့ထောက်ခံစာမရပါ)။
(င) အနည်းဆုံးငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) လျှောက်ထားသူနှင့် မိဘ၊ ညီအစ်ကို၊ မောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရမည်။
(ဆ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။
(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူလျှောက်ထားသူများသည်ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည်(မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ)။
(ခ) အဆို/အကလျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအားကောင်းမွန်စွာသီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ်စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်)အဆင့် လစာနှုန်းကျပ် ၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ၂၁-၉-၂၀၂၆ ရက်မှ ၈-၁၀-၂၀၂၆ ရက်အတွင်း လာရောက်ရယူလျှောက်ထားနိုင်ပါသည်-

(က) အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့။(ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်
မြဝတီရုပ်မြင်သံကြား(နေပြည်တော်)၊ နေပြည်တော်။(ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တပ်မတော်အသံလွှင့်တပ်
သဇင် FM၊ ပြင်ဦးလွင်မြို့။(ဖုန်း ၀၃၃-၆၀၁၇၀)

၆။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရုပ်ကွက်/မြို့နယ်ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများသဘောတူညီကြောင်းထောက်ခံချက်၊ တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၇။ ပဏာမလူတွေ့စစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား(မှော်ဘီ)၊ ရန်ကုန်မြို့တွင် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလအတွင်းပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာလျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၈။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား(မှော်ဘီ) (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(နေပြည်တော်)(ဖုန်း ၀၃၁-၇၄၂၇၄) နှင့် သဇင် FM၊ ပြင်ဦးလွင်(ဖုန်း ၀၃၃-၆၀၁၇၀)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	လုပ်ငန်းအမျိုးအမည်
၁	၃၃၃/မမ/CE	**တိုင်းအမှတ်(၇)၊ ရန်ကုန်** မလွန်ကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်(တိုက်အမှတ်-၈)တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါ)(15755 Sft)
၂	၃၃၄/မမ/CE	**တိုင်းအမှတ်(၃)၊ မန္တလေး** မိုးလုံလေလုံအားကစားရုံတည်ဆောက်ခြင်း (160'x85'x34'), 50 KVA Transformer နှင့် မီးလိုင်းများသွယ်တန်းခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း(၅၀၀-ပေ)၊ ကွန်ကရစ်လမ်းခင်းခြင်း(42500 Sft)နှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း
၃	၃၃၅/မမ/CE	**ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း** ရန်ကုန်-ပဲခူးအပိုင်း၊ Phase(I)CP-101 တိုးကြောင်ကလေးဘူတာတွင် No(2)ပလက်ဖောင်းတွင် Platform Wating Shed တည်ဆောက်ခြင်း(460'x16'-6")လုပ်ငန်း

တင်ဒါပိတ်မည့်နေ့/အချိန် - (၉-၁၀-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၅-၉-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း၀ယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-294352, 291994

မွေးသက္ကရာဇ်အမှန်
ကျိုင်းတုံမြို့၊ Zion ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ အဘ ဦးလင်းကျန် ၁၃/ကတန(နိုင်)၁၅၃၀၄၁ ၏သမီး မထွေးမေလှ၏မွေးသက္ကရာဇ်အမှန်မှာ ၁၃-၄-၂၀၀၈ ဖြစ်ပါကြောင်း။ ၁၃-၄-၂၀၀၈

အမည်ပြောင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ ပညာရွှေရောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6(A) တွင် ပညာသင်ကြားနေသော အဘ ဦးကျော်ဌေး၏သမီး မဝင့်နေ့ခြည်ကျော်အား မယွန်းမြတ်သဒ္ဓါဟု ပြောင်းလဲခေါ်ဆိုပါရန်။
မယွန်းမြတ်သဒ္ဓါ

အမည်မှန်
မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောင်မြင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော အဘ ဦးဝင်းကျော်၏သား မောင်နေလင်ဦး၏အမည်မှန်မှာ မောင်နေထွဋ်ဦးဖြစ်ပါကြောင်း။ မောင်နေထွဋ်ဦး

ပျောက်ဆုံးကြောင်း
နော်ပန်းမိုးအိမ်(ဘ)ဦးခင်မောင်စိုး ၁၂/အစန(နိုင်) ၂၄၂၉၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၆၆၈၇၁၅

ပျောက်ဆုံးကြောင်း
ခင်သီတာစန်း(ဘ)ဦးအေးသွင် ၁၂/ဒလန(နိုင်)၀၉၈၆၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၇၆၃၅၄

ပျောက်ဆုံးကြောင်း
သိဂီဂင်း(ဘ)ဦးပါကြီး ၁၀/ပမန(နိုင်)၁၀၂၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၁၇၇၆

ပျောက်ဆုံးကြောင်း
နိုးရိုအာမိန်(ဘ)ရော်ရိုအာမတ် ၁၁/မတန(ပြု)၀၀၄၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၃၈၁၀

ပျောက်ဆုံးကြောင်း
မောင်ဟိန်း(ဘ)ဦးကျော်သန်း ၇/၁၀၈(နိုင်)၁၈၂၀၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၃၂၁၃၂၇

ပျောက်ဆုံးကြောင်း
နန်းချယ်ဝီဝင်း(ဘ)ခွန်မြင့်ဦး ၃/ဘအန(နိုင်)၄၄၂၈၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 565522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း
နန်းချောချစ်(ဘ)ဦးပန်းခိုင် ၃/ဘအန(နိုင်)၄၂၈၅၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 059049)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း
မိုးသန္တာ(ဘ)ဦးသိန်းကြိုင် ၈/၀၀၈(နိုင်)၁၁၄၉၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ဖခင်အမည်မှန်
ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ Grade-6 မှ နန်းပန်းနုဝါ၏ဖခင်အမည်မှန်မှာ ဦးမောင်ဇော်ထွေး ၃/ဘအန(နိုင်)၄၂၀၂၉ ဖြစ်ပါကြောင်း။
ဦးမောင်ဇော်ထွေး

ပျောက်ဆုံးကြောင်း
မဖွေးဖွေး(ဘ)ဦးဇော်ဝင်း ၉/ပမန(နိုင်)၂၄၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 360931)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၈၃၈၆၀၀

ပျောက်ဆုံးကြောင်း
ထွန်းမျိုးဦး(ဘ)ဦးမြတ်စိုး ၇/၀မန(နိုင်)၁၇၇၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ဖခင်အမည်မှန်
ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ Grade-6 မှ မောင်ရွှေလမင်း၏ ဖခင်အမည်မှန်မှာ ဦးလှမြင့် ၇/အဖန(နိုင်)၀၇၇၈၃၂ ဖြစ်ပါကြောင်း။
ဦးလှမြင့်

ပျောက်ဆုံးကြောင်း
သိဂီမိုး(ဘ)ဦးသိန်းအောင် ၈/တတက(နိုင်)၂၃၀၁၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၈၃၃၂၂၀၆၃

ပျောက်ဆုံးကြောင်း
မဂျာခမ်(ဘ)ဦးမုန်နမ် ၁/မကန(နိုင်)၁၇၆၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 995079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၈၈၃၃၃၄၀၅

ဖခင်အမည်မှန်
ဘားအံမြို့၊ အထက(ခွဲ)ကော့ကဒါ Grade-6 မှ နန်းရတနာအောင်၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်ပိုင် ၃/ဘအန(နိုင်)၂၄၆၄၈၉ ဖြစ်ပါကြောင်း။
ဦးခွန်အောင်ပိုင်

ပျောက်ဆုံးကြောင်း
မျိုးမင်းဇော်(ဘ)ဦးလှရီ ၁၄/ဓနဖ(နိုင်)၁၇၉၆၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၉၂၃၉၀၇၅

ပျောက်ဆုံးကြောင်း
ခင်မောင်မြင့်(ဘ)ဦးမြင့် ၁၂/မဂတ(နိုင်)၀၄၂၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၉၂၃၅၆

ပျောက်ဆုံးကြောင်း
စောနေထူးအယ်(ဘ)စောအယ်ဒါး ၁၄/အဂပ(နိုင်)၁၉၅၂၆၈ ကိုင်ဆောင်သူ၏(OWIC) ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
အေးအေးမြင့် (ဘ)ဦးမောင်စောစိန် ၁၁/ရသတ(နိုင်)၀၅၈၁၆၃ ကိုင်ဆောင်သူ၏(OWIC) ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇

ပျောက်ဆုံးကြောင်း
အိသက်ဝင်း(ဘ)ဦးဌေးကြည် ၉/တကန(နိုင်)၂၂၀၆၄၅ ကိုင်ဆောင်သူ၏(OWIC) ကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
လှိုင်ဝျိုးတင့်(ဘ)မင်းအောင်(ခ)လင်းဘွန်အောင် ၁၂/တမန(နိုင်)၀၀၁၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၂၇


ပျောက်ဆုံးကြောင်း
ခင်ချို(ဘ)ဦးတင်ဝင်း ၇/သနပ(နိုင်)၁၄၄၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၀၁၁၁၄၉

ပျောက်ဆုံးကြောင်း
အေးအေးအောင်(ဘ)ဦးသန်းစိုးအောင် ၁၄/ကပန(နိုင်)၁၈၅၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 009189)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း
နန်းပပအောင်(ဘ)ဦးအောင်သန်း၀င်း ၇/သနပ(နိုင်)၁၅၁၂၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၀၁၁၁၄၉

ပျောက်ဆုံးကြောင်း
ထွန်းထွန်းအောင်(ဘ)ဦးလှရီ ၁၄/ဓနဖ(နိုင်)၁၇၉၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၇၄၄၇၇၃

စာပေမြင့်မှ
လူမျိုးတင့်မည်


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD
A.I.B.A
MEDAL
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
GOLD 2019


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက်
Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် မြုပ်နှံအေးခဲထုတ်လုပ်ခြင်း
(အနေားခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ကျန်းမာရေးအာမခံ
၁၁။ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ပညာရေးအသက်အာမခံ
၁၄။ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ပရီမီယံတစ်ကြိမ်ပေး နှစ်တိုင်ချေးငွေအသက်အာမခံ
၁၈။ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We
Protect
The Family
LIFE INSURANCE
CAR
HOME
HOME
CAR
PHONE
LIFE INSURANCE
နေပြည်တော် - အမှတ်(၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်
ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၂၀၉ - ၄၄၉၁၈၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၅
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၀၄၆၇

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပစဉ်။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက **စာမျက်နှာ ၁၄ ကော်လံ ၁** ❐

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၂၄

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပင်းတယမြို့နယ် သစ်အယ်ပင်-ထယ်သွန်းလမ်းတွင် ၁၉၈၅ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား **စာမျက်နှာ ၁၄ ကော်လံ ၁** ■

တွန်းဇံမြို့၌ ဆက်သွယ်ရေးကွန်ရက်သုံး MPT ဖုန်းလိုင်းများ ပြန်လည်အသုံးပြုနိုင်ပြီ



တွန်းဇံ စက်တင်ဘာ ၂၄

ချင်းပြည်နယ်အတွင်းရှိဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု ပြန်လည်ကောင်းမွန်ရေးနှင့် သတင်းအချက်အလက်စီးဆင်းမှုမပြတ်တောက်စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် ဆက်သွယ်ရေးကွန်ရက်များ ပြန်လည်ရရှိနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

ထို့အတူ ချင်းပြည်နယ် တီးတိန်ခရိုင် တွန်းဇံမြို့တွင်လည်း ဆက်သွယ်ရေးကွန်ရက်သုံး (MPT)ဖုန်းလိုင်းများ **စာမျက်နှာ ၂၇ ကော်လံ ၁** ▲

ဆောင်းပါး

ဘက်စုံအသုံးဝင်ဝါးပင် နှင့် မြန်မာ့စီးပွားရေးဝါး ထုတ်ကုန် စာ - ၁၂ သို့

မန္တလေးမြို့၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ခြင်း (၇၇)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ကျင်းပ စာ - ၁၁ သို့

(၅၅)ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရရှိသူများ အမည်စာရင်း ကြေညာ စာ - ၁၉ သို့

အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပြိုင်ပွဲဝင်အသင်းနှစ်သင်း ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့၌ ကျင်းပလျက်ရှိသည့် အာရှအားကစားပြိုင်ပွဲ(20th Asian Games 2026)တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ်ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းနှစ်သင်းတို့သည် **စာမျက်နှာ ၁၉ ကော်လံ ၅** ▼



မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း **စာမျက်နှာ ၁၉ ကော်လံ ၁** ➢

ကျောက်တန်းမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့တွင် စိတ်ကြွဆေးပြားဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၄

ကျောက်တန်းမြို့နယ်၌ ငွေကျပ်သိန်း ၂၂၅၀ တန်ဖိုးနှင့် မိုးညှင်းမြို့နယ်၌ ငွေကျပ် ၆၈၆ ဒသမ ၇ သိန်းတန်ဖိုးရှိ စိတ်ကြွဆေးပြားဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ **စာမျက်နှာ ၂၆ ကော်လံ ၄** ✦

နိုင်ငံတကာရေးရာ

ကမ္ဘာ့ပတ်ဝန်းကျင် တည်ငြိမ်ရေးအတွက် အရေးပါသည့် အခိုက်အတန့် စာ - ၂၀ သို့

ချောင်ဖရားမြစ်ရေ မြင့်တက်မှုကြောင့် အယုဒ္ဓယရှေးဟောင်း ဘုရားများကို သံယာနှင့်တပ်ဖွဲ့များ ပူးပေါင်းကာကွယ် စာ - ၂၀ သို့

FIFA Asean Cup 2026 ပြိုင်ပွဲ မြန်မာအသင်း တီမောအသင်းကို ၂ ဂိုး ပြတ်ဖြင့်အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၄

FIFA Asean Cup 2026 ပြိုင်ပွဲ Division 2 အုပ်စု(B)ပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် တီမောလက်စ်တေအသင်းတို့ ယနေ့ ည ၆ နာရီခွဲတွင် ဟောင်ကောင်၌ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက တီမောအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် မြန်မာအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် တီမောအသင်းခံစစ်ကို အဆက်မပြတ်ဖိအားပေးထိုးဖောက်ကစားနိုင်ခဲ့သည်။ **စာမျက်နှာ ၁၄ ကော်လံ ၄** ❍

